မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချီ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၄၃)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၂၇ ရက်၊ ကြာသပတေးနေ့

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် စျာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဧနီး ဒေါ်ကြူကြူလှတို့ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် မတ် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဧနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရဝင်ပြင်၌ ကျင်းပပြုလုပ်သည်။

အကြိုဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် **စာမျက်နှာ ၁၆ ကော်လံ ၁** ★



အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၂၇ ရက်)

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွက်ကဏ္ဍအားလုံးသည် အရေးကြီးလှသော်လည်း အခြေခံအကျဆုံးသောကဏ္ဍမှာ ပညာရေးကဏ္ဍဖြစ်သည်။ နိုင်ငံတိုင်းအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များလိုအပ်လျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၏အခြေခံဖြစ်သည့် ပညာရေးကဏ္ဍကိုအားပေးမြှင့်တင်လျက်ရှိသည်။ လူမှုရေးဦးတည်ချက်တွင် "တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရေး" ဟူ၍ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

လူသားအရင်းအမြစ်ဆိုသည်မှာ လူတစ်ဦးချင်းစီတွင်ရှိသော အသိပညာ၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့်ကျန်းမာရေးကောင်းမွန်မှု စသည့်အရည်အချင်းများကို စီးပွားရေးတန်ဖိုးအဖြစ်သတ်မှတ်ထားခြင်းကိုဆိုလိုသည်။ လူသားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခြင်းမှာ တစ်ဦးချင်းဘဝတိုးတက်ရုံသာမက လူ့အဖွဲ့အစည်းတစ်ခုလုံး၏ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသောအချက်တစ်ခုဖြစ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောအစိတ်အပိုင်းများမှာ ပညာရေး၊ ကျန်းမာရေးနှင့်လေ့ကျင့်သင်ကြားမှုဖြစ်သည်။ နိုင်ငံတော်အစိုးရ၏လူမှုရေးဦးတည်ချက်များသည် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးကို မတ်လ ၂၅ ရက်နံနက်ပိုင်းတွင်ကျင်းပရာ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကပြောကြားရာတွင် **"ဒါကတော့ ပညာရေးနဲ့ဆက်စပ်ပြီးတော့ လူသားအရင်းအမြစ်နဲ့ပတ်သက်ပြီးတော့ နိုင်ငံရဲ့ ၂၀၂၅ အလွန်မှာ ဖြစ်လာနိုင်မယ့်အခြေအနေကိုရှင်းပြခြင်းပဲဖြစ်ပါတယ်။ ဒါက ပညာရေးအဝိုင်းပေါ့။ မဖြစ်မနေကို ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ဖို့လိုပါတယ်။ ကျွန်တော်တို့ ပညာရေးအားနည်းတာလည်း မှန်ပါတယ်။ ပညာရေးအားနည်းတဲ့အတွက်ကြောင့် အစစအရာရာထိခိုက်စေတာကိုလည်း ငြင်းလို့မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့က ပညာရေးနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုရှိဖို့လိုပါတယ်။ ပြုပြင်ဖို့လိုပါတယ်။ ဒါကြောင့် မိဘပြည်သူများအနေနဲ့လည်း ပညာရေးကိုအားပေးကြဖို့၊ ပညာရေး၊ သင်ကြားရေးနဲ့ပတ်သက်လာရင် အနှောင့်အယှက်မပေးကြဖို့၊ ကလေးတွေကို ပညာရေးလမ်းကြောင်းပေါ်မှာတင်ပြီးတော့မှ နိုင်ငံရဲ့တည်ဆောက်ရေး၊ ကျွန်တော်တို့သွားနေတဲ့ မျှော်မှန်းချက်တွေကိုအောင်မြင်အောင်အကောင်အထည်ဖော်နိုင်ဖို့အတွက် လူသားအရင်းအမြစ်တွေအနေနဲ့ကိုယ့်ကလေးတွေပါအောင်လို့လုပ်ပေးကြဖို့လိုတယ်ဆိုတာလေး ကျွန်တော်ပြောချင်ပါတယ်"** ဟူ၍ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင်လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ဆွေးနွေးတိုင်ပင်ခဲ့ပြီး Polytechnic University များကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဖွင့်လှစ်ပေးခြင်း၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်းများကို ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ ထို့ပြင် လာမည့်နှစ်အတွင်း အခြေခံပညာအထက်တန်းအထိ ပညာသင်ကြားခဲ့သော်လည်း အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်မှုမရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် Polytechnic Institute များဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်ဖြစ်သည်။ ပထမဆုံးအနေဖြင့် နေပြည်တော်၌ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း တက္ကသိုလ်ဝင်တန်းအောင်မြင်မှုမရှိသေးသူများတက်ရောက်နိုင်မည့် Polytechnic Institute တစ်နှစ်သင်တန်းမှစ၍ နှစ်အလိုက်သင်တန်းများဖွင့်လှစ်ပေးနိုင်ရေး လာမည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ သင်ကြားပေးမည့် ဆရာ၊ ဆရာမများခန့်အပ်ရေး သင်ထောက်ကူပစ္စည်းများဖြည့်တင်းရေးကိုလည်း ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်းသိရှိရသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်ဝင်ရောက်ဖြေဆိုသူ နှစ်သိန်းနှစ်သောင်းကျော်ရှိခဲ့ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှယခုနှစ်အထိ အများဆုံးဖြေဆိုသည့်နှစ်ဖြစ်သည်။ ပညာရေး၏အရေးကြီးမှုကို နိုင်ငံတော်အကြီးအကဲက မကြာခဏပြောကြားခဲ့ပြီး ပညာရည်မြှင့်တင်မှုများဆောင်ရွက်လျက်ရှိသည်။ တက္ကသိုလ်ဝင်စာမေးပွဲကို ယခုကဲ့သို့အနှောင့်အယှက်ကင်းကင်းအောင်အောင်မြင်မြင်ပြုလုပ်နိုင်ခဲ့မှုအတွက် ပညာရေးဝန်ကြီးဌာနအပါအဝင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ နယ်မြေဒေသ၊ ကျေးရွာ၊ ရပ်ကွက်အလိုက်တာဝန်ရှိသူများအားလုံး၏ ဆောင်ရွက်ချက်များကို အလေးထားအသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း နိုင်ငံတော်အကြီးအကဲကပြောကြားခဲ့သည်။ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေးတည်ငြိမ်မှုအပေါ်တွင်သက်ရောက်မှုရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထို့ကြောင့်အတန်းပညာအားနည်းခဲ့သူများကိုပစ်ထား၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပ ပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ ဒေသအလိုက်ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကို အားပေးခြင်း၊ စာဖတ်ပိုင်းများစီစဉ်ပေးခြင်း စသည့်ကျောင်းပြင်ပ ပညာရေးဖြင့် အားပေးဆောင်ရွက်ခြင်းများကို နိုင်ငံတော်က ဆောင်ရွက်လျက်ရှိကြောင်းရေးသားလိုက်ရပေသည်။ ။

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။

စေတုတ္တရာမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု သနပ်ခါးလိမ်းခြယ်ပွဲကျင်းပ

စေတုတ္တရာ မတ် ၂၆

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုသနပ်ခါးလိမ်းခြယ်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ မတ်လ ၂၆ ရက်နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်းသိရသည်။

အဆိုပါ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုသနပ်ခါးလိမ်းခြယ်ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်မှုနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုသနပ်ခါးလိမ်းခြယ်ပွဲအား ကျင်းပရခြင်းဖြစ်ကြောင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုသနပ်ခါးလိမ်းခြယ်ပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လိမ်းခြယ်ခြင်းများဖြင့် ကျင်းပဆောင်ရွက်ကြကြောင်း သိရသည်။

ဆန်းကိုကို(ပြန်/ဆက်)

သဇင်(FM)အသံလွှင့်အစီအစဉ်

၂၇-၃-၂၀၂၅(ကြာသပတေးနေ့)

၁။	၀၆:၃၀	ခံစားနားဆင် မြန်မာသံစဉ်	၄။	၁၇:၀၀	အနုပညာခရီးလမ်း
၂။	၁၀:၀၀	Internet Pages	၅။	၁၈:၂၀	Thazin Request Song
၃။	၁၄:၃၀	Live For You	၆။	၂၁:၂၀	လွမ်းသဝဏ်လွှာ

မြဝတီ ခေတ်စဉ်
Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာ၀နံခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာ၀နံခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့ဆေးရုံများနှင့် နယ်မြေခံဆေးတပ်ရင်းတို့၌ စုပေါင်းသွေးလှူဒါန်း



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး သွေးအလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်း နေမှုကို ကြည့်ရှု အားပေးစဉ်။



တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွေးအလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်း နေမှုကို ကြည့်ရှု အားပေးစဉ်။



အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၏ စုပေါင်း သွေးလှူဒါန်း နေမှုကို တွေ့ရစဉ်။

နေပြည်တော် မတ် ၂၆

၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်တွင်ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ရှိ ပြည်သူ့ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ ကျန်းမာရေးဝန်ထမ်းများက သွေးအလှူရှင်များအား သွေးအမျိုးအစားခွဲခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးကြသည်။ ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာ အသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထို့သို့သွေးလှူဒါန်းနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့ အထိမ်းအမှတ် နာရီစင်ဖွင့်ပွဲပြုလုပ်



နေပြည်တော် မတ် ၂၆

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ တည်ဆောက်ထားသော မြို့အထိမ်းအမှတ် နာရီစင်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၁)အနီး၌ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး နာရီစင်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ တာချီလိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နာရီစင်ပြီးမြောက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် စည်ပင်သာယာရေးဌာနအား ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက မြို့အထိမ်းအမှတ် နာရီစင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နာရီစင်တည်ဆောက်ထားမှုအား ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ၊ အလှူရှင်များက နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့ အထိမ်းအမှတ် နာရီစင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၃-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၉၉၀	၃၁၀၅	၃၀၇၀	၃၀၀၅	၃၁၁၀	၃၁၂၅	၃၁၄၅	၃၀၆၀	၄၅၀၅	၃၃၅၅	၃၀၈၀	၃၀၈၀	၃၁၅၀	၃၁၁၅	၃၁၃၅	၃၁၉၅
95 Ron	၃၀၄၅	၃၁၅၅	၃၁၂၀	၃၀၅၅	၃၁၆၀	၃၁၈၀	၃၁၉၅	၃၁၁၅	၄၅၆၀	၃၄၀၅	၃၁၃၀	၃၁၃၀	၃၂၀၀	၃၁၆၅	၃၁၉၀	၃၄၄၅
HSD (500 ppm)	၂၆၀၀	၂၇၁၅	၂၆၈၀	၂၆၁၅	၂၇၂၀	၂၇၃၀	၂၇၅၀	၂၆၇၀	-	၂၆၆၅	၂၆၉၀	၂၆၉၀	၂၇၀၀	၂၇၂၅	၂၇၄၅	၃၀၀၅
HSD (50 ppm)	၃၂၁၅	၃၃၃၀	၃၂၆၅	၃၂၃၀	၃၃၃၅	၃၃၅၀	၃၃၇၀	၃၂၈၅	၄၈၃၀	၃၅၈၀	၃၃၀၅	၃၃၀၅	၃၃၇၅	၃၃၄၀	၃၃၆၅	၃၆၂၀
HSD (10 ppm)	၃၂၁၅	၃၃၃၀	၃၂၆၅	၃၂၃၀	၃၃၃၅	၃၃၅၀	၃၃၇၀	၃၂၈၅	-	၃၅၈၀	၃၃၀၅	၃၃၀၅	၃၃၇၅	၃၃၄၀	၃၃၆၅	၃၆၂၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၂၁	၂၉၁၁
95 Ron	၂၈၇၂	၂၉၆၃
HSD (500 ppm)	၂၄၄၂	၂၅၂၁
HSD (50 ppm)	၃၀၄၀	၃၀၃၁
HSD (10 ppm)	၃၀၄၀	၃၀၃၁

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၆၃၂

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

❑ **စာမျက်နှာ ၅ မှအဆက်**

စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်ရှိမှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်လျက်ရှိမှု၊ တစ်မျိုးသားလုံးပညာရည်မြင့်မားရေးအတွက် ပညာရေးကိုအားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ကျောင်းပညာရေးအပြင် ကျောင်းပြင်ပပညာရေးနှင့် စာကြည့်တိုက်လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစားတပ်မတော်အရာရှိကြီးများက ယခုကဲ့သို့ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် နိုင်ငံတာဝန်များကို ဘက်ပေါင်းစုံမှလစ်ဟင်းမှုမရှိစေရေးကြိုးပမ်းဆောင်ရွက်နေမှုများကို အားပေးအသိအမှတ်ပြုလျက်ရှိမှု၊ နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးနိုင်စေရေး၊ တည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆုမွန်ကောင်းတောင်းလျက်ရှိမှုနှင့် အခြားသြဝါဒစကားများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

ဥပဒေအသိပညာပြန့်ပွားရေး ဆွေးနွေးပွဲကျင်းပ



နေပြည်တော် မတ် ၂၆

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ဥပဒေအသိပညာပြန့်ပွားရေးဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်း ၁၅၀ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနက ကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို သိရှိလိုက်နာကျင့်သုံးဆောင်ရွက်နိုင်စေရေး ယခုဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စာချုပ်စာတမ်းများစိစစ်ခြင်း၊ နိုင်ငံဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများ၊ ရုပ်ရှင်ဥပဒေ၊ နည်းဥပဒေများ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ၊ စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများကြီးကြပ်အုပ်ချုပ်ရေးဥပဒေနှင့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေးရှင်းလင်းကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

(သတင်းစဉ်)

နေပြည်တော် စနစ်ကျလယ်ယာမြေဖော်ထုတ်ဇရိယာများတွင် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးစီမံဆောင်ရွက်



နေပြည်တော် မတ် ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်မိုလ်ကျော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် နေပန်လပန်စနစ်ကျလယ်ယာမြေအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး နေပြည်တော်စနစ်ကျလယ်ယာမြေဖော်ထုတ်ဇရိယာများတွင် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ညှိနှိုင်းဆွေးနွေးကြသည်။

ထိုသို့ ညှိနှိုင်းဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမြေ တစ်ဇကေချင်း၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဘဏ္ဍာငွေကြေးများ အသုံးပြု၍ ဒေသအလိုက် စနစ်ကျလယ်ယာမြေများဖော်ထုတ်ပေးလျက်ရှိကြောင်း၊ မူလသမားရိုးကျ စိုက်ပျိုးထုတ်လုပ်မှုထက် သီးနှံအထွက်နှုန်းတိုးတက်ရေး၊ သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးအတွက် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ဇရိယာများတွင် မိမိတို့ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများက မျိုး၊ မြေ၊ ရေနှင့် နည်းပညာလိုအပ်ချက်များကို အနီးကပ်ကွင်းဆင်း ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံပုံစံအလိုက် ပန်းတိုင်အထွက်ရရှိစေရန် မြေဆီလွှာ စမ်းသပ်စစ်ဆေးပေးခြင်း၊ သွင်းအားစု မြေဩဇာထောက်ခံချက်ပေးခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေးနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာများကို ဆိုင်ရာပညာရှင်များစုဖွဲ့၍ အနီးကပ်ကြပ်မတ်ဆောင်ရွက်ပေးခြင်းဖြင့် တစ်နှစ်ပတ်လည် စိုက်ပျိုးမှုသိသိသာသာတိုးတက်လာစေရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးကကွင်းဆင်းကြီးကြပ်ပညာပေးဝန်ထမ်းများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ဆက်စပ်ဦးစီးဌာနများက ဟန်ချက်ညီ ပံ့ပိုးကူညီသွားကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပန်လပန်စနစ်ကျလယ်ယာမြေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး တောင်သူများနှင့်တွေ့ဆုံကာ လိုအပ်ချက်များ မေးမြန်းဆွေးနွေးကြသည်။

နေပန်လပန်စနစ်ကျလယ်ယာမြေတွင် နွေစပါးများ စိုက်ပျိုးထားရှိပြီး စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက နွေစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ နည်းပညာပေးခြင်း၊ စိုက်ဇကအလိုက် စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်ကို မျိုးကွဲအလိုက် သတ်မှတ်ခြင်း၊ စိုက်ပျိုးမည့်သီးနှံမျိုးကောင်းမျိုးသန့် များရရှိရေး၊ မြေဆီလွှာဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခြင်း၊ သဘာဝမြေဩဇာပြုလုပ်ထုံးစွဲရန်နှင့်ဓာတ်မြေဩဇာအချိန်ကိုက် အချိုးကျသုံးစွဲနိုင်ရန် အကြံပြုထောက်ခံချက်ပေးခြင်း၊ စိုက်ပျိုးရေစနစ်တကျအသုံးပြုနိုင်စေရန် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်းအပါအဝင် စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၅၀၀)

မြန်မာ့ပုံရိပ်ဖော်ညွှန်ကြားရေးအဖွဲ့ (Myanmar Narrative Think Tank) ၏ Website လွှင့်တင်ထားရှိ

နေပြည်တော် မတ် ၂၆

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်တွင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့အဆင့်ကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏အမြင်များကို ထုတ်ဖော်ပြသနိုင်ရန်အတွက် အထောက်အထားအခြေခံသုတေသနများနှင့် ပြည်တွင်းက ဦးဆောင်သော အသိပညာဖလှယ်မှုများကို စုစည်းဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာမှပါဝင်ပတ်သက်သူများအကြား ဆွေးနွေးမှုနှင့်ဖလှယ်မှုများကိုမြှင့်တင်၍ မြန်မာနိုင်ငံဆိုင်ရာကိစ္စရပ်များတွင် ကွဲပြားသောအမြင်များနှင့်သဘောထားများကို အသိအမှတ်ပြုသည့် ပြဿနာဖြေရှင်းရေးချဉ်းကပ်မှုကို အားပေးရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုများတွင် အနှစ်သာရရှိသော ပံ့ပိုးမှုများပေးစွမ်းလာစေရန် အတွေးအခေါ်ပညာရှင်များ၊ လက်တွေ့လုပ်ဆောင်နေသူများနှင့် မူဝါဒချမှတ်သူများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ပြုမှုများ အားကောင်းလာစေရေး ဆောင်ရွက်ရန်အတွက်လည်းကောင်း **"မြန်မာ့ပုံရိပ်ဖော်ညွှန်ကြားရေးအဖွဲ့ (Myanmar Narrative Think Tank)"**ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

အဆိုပါအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အသိပေးဖော်ပြချက်များကို လေ့လာသိရှိနိုင်ရန်အတွက် Website ကို www.myanmarnarrative.org ဖြင့် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်တွင် စတင်လွှင့်တင်ထားရှိသည်။

အဆိုပါ Website တွင် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ထူးခြားပြောင်းလဲမှုများ၊ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏စိတ်နေသဘောထားများ၊ ရိုးရာယဉ်ကျေးမှုနှင့် တန်ဖိုးထားမှုများ၊ ဘာသာအယူဝါဒ ဓလေ့ထုံးတမ်းများ၊ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားပြောင်းလဲမှုများတွင် ပါဝင်ဆောင်ရွက်မှုများ၊ ဒေသတွင်းနှင့်အိမ်နီးချင်းနိုင်ငံများနှင့်မိတ်ဝတ်မပျက် အတူတကွယှဉ်တွဲနေထိုင်မှုများ၊ မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် စွပ်စွဲပုတ်ခတ်ရေးသားပြောဆိုမှုများအပေါ် တန်ပြန်ချေဖျက်ပြောကြားမှုများ၊ မြန်မာ့ရေးရာ၊ တိုင်းရင်းသားရေးရာကိစ္စရပ်များ အစရှိသည့် မြန်မာနိုင်ငံ၏ပုံရိပ်ကောင်းမွန်စေရန် ဖော်ညွှန်းရေးသားမှုများကို ဖော်ပြထားမည်ဖြစ်သည်။

မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)နှင့် ပတ်သက်၍ အကြံပြုချက်များ ပေးပို့လိုလျှင်ဖြစ်စေ၊ Myanmar Narrative Website တွင် စာမူများ ရေးသားပေးပို့လိုလျှင်ဖြစ်စေ myanmarnarrative@gmail.com သို့ အင်္ဂလိပ်ဘာသာဖြင့် ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ဗိုလ်ချုပ်ကြီးစန်းယု(ငြိမ်း)၏ မိသားစုများအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်မည့် ဗိုလ်ချုပ်မှူးကြီးစောမောင်(ငြိမ်း)၏မိသားစုအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်မည့် ဗိုလ်မှူးကြီးညွန့်ဆွေ(ငြိမ်း)အား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်မည့် ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေ(ငြိမ်း)အား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်မည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)အား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်မည့် ဗိုလ်ချုပ်ကြီးသိန်းဝင်း(ငြိမ်း)အား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ဗိုလ်ချုပ်ကြီးနေဝင်း(ငြိမ်း)၏ မိသားစုများအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်မည့် ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)အား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

❑ **ကျောပုံးမှအဆက်**

ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး စွမ်းရည်စွမ်းပကားလျက်ရှိမှု၊ ယခုကဲ့သို့ တပ်မတော်နေ့မြင့်မားစေရေးအတွက် မြှင့်တင်ဆောင်ရွက် **စာမျက်နှာ ၄ သို့** ❑

နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီးဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အငြိမ်းစားတပ်မတော်အရာရှိကြီးတစ်ဦးထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် မတ် ၂၆

မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ ပါဝင်တက်ရောက်ကြမည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစားတပ်မတော်အရာရှိကြီး ၁၅ဦးနှင့်ဇနီး ၆ဦးတို့ကန်တော့ခံတက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ **စာမျက်နှာ ၇ သို့ ➢**



ကန်တော့ခံအငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီးသိန်းစိန်က သြဝါဒစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အငြိမ်းစားတပ်မတော်အရာရှိကြီးတစ်ဦးထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဂါရဝပြုပေးအပ်စဉ်။

➢ စာမျက်နှာ ၆ မှအဆက်

ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ညွှန့်နိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက တက်ရောက်ဂါရဝပြုကန်တော့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂါရဝပြုစကားပြောကြားရာ၌ တပ်မတော်၏အစဉ်အလာနှင့်အညီ မိမိတို့အနေဖြင့်တပ်မတော်၏တာဝန်များကို လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ပြီး ယခုအခမ်းအနားသို့တက်ရောက်လာကြသည့် တပ်မတော်အငြိမ်းစားအရာရှိကြီးများသည် မိမိတို့၏မိဘဆရာများပင်ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှစတင်၍ တပ်မတော်သည် တိုင်းပြည်အတွက်ဖြစ်ရမည်ဆိုသည့်စိတ်ဖြင့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သည်နိုင်ငံ၏အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ တပ်မတော်သားများသည်ပြည်သူလူထု၏အစိတ်အပိုင်းများဖြစ်သဖြင့် ပြည်သူလူထု၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါအရင်းခံသည့်စိတ်ကို ယခင်အစဉ်အဆက် တပ်မတော်တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်အငြိမ်းစားအရာရှိကြီးများက မွေးမြူ၍လက်ဆင့်ကမ်းပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ **“ရှင်ကြီးဝမ်းလည်းဝင်ခဲ့ဖူးပြီ၊ ရှင်ငယ်ဝမ်းလည်းဝင်ခဲ့ဖူးပြီ” ဟူသည့် ဆိုစကားအတိုင်း တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ခေတ်စနစ်အမျိုးမျိုးကို တွေ့ကြုံခဲ့ရပြီးဖြစ်ပြီး တိုင်းပြည်ကို ဖြိုခွဲဖျက်ဆီးသော ပြည်တွင်း၊ ပြည်ပရန်စွယ်အန္တရာယ်အမျိုးမျိုးကို အကြိမ်ကြိမ်တွန်းလှန်ဖယ်ရှားခဲ့ပြီးဖြစ်သကဲ့သို့ ပြည်ပကျူးကျော်မှုကို ကာကွယ်ရေး၊ ပြည်တွင်းဆူပူသောင်းကျန်းမှုကို တားဆီးရေးတို့သာမက အမျိုး၊ ဘာသာ၊ သာသနာနှင့်ယဉ်ကျေးမှုတို့ မပျောက်ပျက်ရေးတို့ကိုပါ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည့် တပ်မတော်ဖြစ်**ကြောင်း၊ တွေ့ကြုံ ခဲ့ရသည့် အတွေ့အကြုံများကို သင်ခန်းစာယူ၍ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

❖ “ရှင်ကြီးဝမ်းလည်းဝင်ခဲ့ဖူးပြီ၊ ရှင်ငယ်ဝမ်းလည်းဝင်ခဲ့ဖူးပြီ” ဟူသည့် ဆိုစကားအတိုင်း တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ခေတ်စနစ်အမျိုးမျိုးကို တွေ့ကြုံခဲ့ရပြီးဖြစ်ပြီး တိုင်းပြည်ကို ဖြိုခွဲဖျက်ဆီးသော ပြည်တွင်း၊ ပြည်ပရန်စွယ်အန္တရာယ်အမျိုးမျိုးကို အကြိမ်ကြိမ်တွန်းလှန်ဖယ်ရှားခဲ့ပြီးဖြစ်သကဲ့သို့ ပြည်ပကျူးကျော်မှုကို ကာကွယ်ရေး၊ ပြည်တွင်းဆူပူသောင်းကျန်းမှုကို တားဆီးရေးတို့သာမက အမျိုး၊ ဘာသာ၊ သာသနာနှင့်ယဉ်ကျေးမှုတို့ မပျောက်ပျက်ရေးတို့ကိုပါ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည့် တပ်မတော်ဖြစ် . . .

❖ ဗုဒ္ဓဘာသာအစဉ်အလာနှင့်အညီ ယခုကဲ့သို့ အထက်အောက်ရိုသေလေးစားမှုဖြင့် ကျေးဇူးတရားကို သိရှိစွာဂါရဝပြုကန်တော့ခြင်းသည် မိမိတို့တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းတစ်ခုပင်ဖြစ် . . .

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေရခြင်းဖြစ်ပြီး ယခုနှစ်ကုန်ကာလတွင် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ်၍ အနိုင်ရရှိသည့်ပါတီအား နိုင်ငံတော်၏တာဝန်များကို စနစ်တကျပြန်လည်လွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့်ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ပြည်ထောင်စုကြီးမပြိုကွဲရေးအတွက်ဥပဒေနှင့်အညီသာထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို တစိုက်မတ်မတ် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူကအားကိုးရသည့် တပ်မတော်၊ တိုင်းပြည်က အားထားရသည့်တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အငြိမ်းစားတပ်မတော်အရာရှိကြီးများအနေဖြင့် တပ်မတော်နေ့ကျရောက်သည့် အခါသမယများ၌ ယခုကဲ့သို့ ကန်တော့ခံအခမ်းအနားများသို့ တက်ရောက်ချီးမြှင့်ပေးသည့်အတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ **ဗုဒ္ဓဘာသာအစဉ်အလာနှင့်အညီ ယခုကဲ့သို့ အထက်အောက်ရိုသေလေးစားမှုဖြင့် ကျေးဇူးတရားကို သိရှိစွာဂါရဝပြုကန်တော့ခြင်းသည် မိမိတို့တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းတစ်ခုပင်ဖြစ်**ပါကြောင်း၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၏ လမ်းညွှန်ဩဝါဒများကိုလည်း ခံယူလိုပါကြောင်းဖြင့် ပြောကြားသည်။

ၦင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြောင်း။

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဦးဆောင်မှုဖြင့် တပ်မတော်၏အရေးကိစ္စရပ်များအပြင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏လူမှုစီးပွားဘဝများတိုးတက်ရေးအတွက် နေ့မအားညမအား ဆောင်ရွက်နေမှုကို အသိအမှတ်ပြုဂုဏ်ယူအားပေးလျက်ရှိနေ . . .

❖ တပ်မတော်သည် ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားအားလုံးပေါင်းစုနေထိုင်သည့် ပြည်ထောင်စုကြီးမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်းပြည်ပအန္တရာယ်ရန်စွယ်ဟူသမျှကို တွန်းလှန်ကာကွယ်ခဲ့သည့်အစဉ်အလာကောင်းများရှိသောတပ်မတော်ဖြစ်ကြောင်း၊ **တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်သဖြင့် တပ်မတော်၏ကောင်းမြတ်သည့် သမိုင်းကြောင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာ စွမ်းရည်စွမ်းအားမြှင့်တင်ရေးကို ဆတက်ထမ်းပိုးဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ တိုင်းပြည်ကို တည်ဆောက်ရာတွင် တပ်မတော်အင်အားရှိရန်အဓိကအရေးကြီးကြောင်း၊ အခက်အခဲအကျပ်အတည်းများ ရင်ဆိုင်ကြုံတွေ့ရချိန်တွင်လည်း အောင်မြင်စွာကျော်ဖြတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးအမှုးပြုသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းနှင့် အခြားသြဝါဒစကားများကို ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျရှိသေစွာဂါရဝပြုပေးအပ်ကြသည်။

အနုပညာအထက်တန်းကျောင်း(မန္တလေး)နှင့် မန္တလေး ယဉ်ကျေးမှုအမွေအနှစ်ဒေသတို့သို့ ဒုတိယဝန်ကြီး ဒေါ်နုမြဇံစစ်ဆေး

နေပြည်တော် မတ် ၂၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးမြို့ အနုပညာအထက်တန်းကျောင်းဝင်းအတွင်း တည်ဆောက်လျက်ရှိသည့် နှစ်ထပ်ကျောင်းသူအဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင်ဒုတိယဝန်ကြီးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မန္တလေးတိုင်းဒေသကြီး မြနန်းစံကျော်ရွှေနန်းတော် မြေနန်းပြာသာဒ်ဆောင်ရှိ လက်ယာ/ လက်ဝဲ ပွဲတက်ဆောင်များ၏ ကြမ်းခင်းအား ကွန်ကရစ်အစား သစ်သားလျှာထိုးခင်းခြင်းလုပ်ငန်း၊ နန်းဆောင်များအား ဆေးသုတ်ခြင်းလုပ်ငန်း၊ မြေနန်းပြာသာဒ်ဆောင်ရှိတိုင်လုံးများအား မြန်မာ့မှုလက်ရာယွန်းကြိုးထိုးခြင်းလုပ်ငန်းနှင့် မှန်ကန်ဆောင်ရှိ ဘုရင့်အိပ်ဆောင်ခန်းတွင် နန်းသုံးပစ္စည်းများ ပြုလုပ်မွမ်းမံခင်းကျင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် သစ်တပ်မြို့ရိုးအတွင်းရှိ တံခါးနီမြို့ရိုး တူးဖော်၊ ထိန်းသိမ်းခြင်းလုပ်ငန်း၊ အမြောက်ပြတိုက်၊ စည်ရုပ်တံတားတည်ဆောက်ပြီးစီးမှု၊ ပြအိုး၊ ပြသာဒ်နှင့် မန္တလေးနန်းမြို့ရိုး တောင်ဘက်ခြမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အတုမရှိကျောင်းတွင်းကိန်းဝပ်စံပယ်တော်မူသော စူဋ္ဌာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ကုသိုလ်တော်ဘုရားရှိ Pagoda Digital Directory ဆောင်ရွက်ထားရှိမှု၊ သုမင်္ဂလာဧရပ်အား ရှေးမူမယျက်ပြန်လည်ဖော်ထုတ်တည်ဆောက်မည့် နေရာနှင့် မန္တလေးယဉ်ကျေးမှုပြတိုက်တွင် ပစ္စည်းများ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

အစိုးရဓမ္မာစရိယစာမေးပွဲ (ဒုတိယနေ့)ကျင်းပ

နေပြည်တော် မတ် ၂၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဒုတိယနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၄၁၃၄ ပါး/ဦးအနက် ၁၁၉၄၀ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၄ ဒသမ ၄၈ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သွားရောက်ဖူးမြော်ကြည်ညိုသည်



နေပြည်တော် မတ် ၂၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ အောင်ဆန်းခန်းမ၌ အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းစာဖြေဌာနရှိ ဓမ္မာစရိယကြီးကြပ်ရေးဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် အစိုးရဓမ္မာစရိယ ဖြေဆိုကြသော သံဃာတော်များနှင့် သီလရှင်များအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ယနေ့ကျင်းပသော အစိုးရဓမ္မာစရိယစာမေးပွဲကို တပ်ကုန်းမြို့နယ် စာဖြေဌာန၌ သံဃာ ၁၂၂ ပါး၊ သီလရှင် ၂၅ ပါး စုစုပေါင်း ၁၄၇ ပါး စာရင်းသွင်း၍ စာဖြေသံဃာ ၉၇ ပါး၊ သီလရှင် ၁၆ ပါး စုစုပေါင်း ၁၁၃ ပါး ဝင်ရောက်ဖြေဆိုကြပြီး ယနေ့ ဓမ္မာစရိယစာမေးပွဲ ပါရာဓိကဏ်(ဒုတိယနေ့) ဖြေဆိုကြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ဓမ္မာစရိယကြီးကြပ်ရေး ဆရာတော်ကြီးများ၊ စာဖြေသံဃာတော်များနှင့် စာဖြေသီလရှင်များအား အနီးကပ်ကျန်းမာရေး စောင့်ရှောက်မှုများပြုလုပ်နိုင်ရန် ဖွင့်လှစ်ထားသော တိုင်းရင်းဆေးပေးခန်းနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တွေ့ဆုံ



နေပြည်တော် မတ် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂)ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒေသတွင်းနှင့် နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော မျက်မှောက်ခေတ်ကမ္ဘာ့ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအတွက် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အနေဖြင့် ပညာရှင်များရှုထောင့်မှ အကြံဉာဏ်များ၊ သုံးသပ်ချက်များကို စဉ်ဆက်မပြတ်အကြံပြုတင်ပြသွားနိုင်ရေးနှင့် သုတေသနလုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများ တပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်ကိုထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါး ရုပ်တုတို့အား အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ်လ ၂၇ ရက်မှ ၃၁ ရက်အထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲ အထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ **တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ**

အချစ်စစ်မပြယ် နှစ်ရှစ်ဆယ်

* တပ်မတော်သည်၊ ကိုယ့်တိုင်းပြည်ကို
ချစ်ကြည်လေးနက်၊ ယုံကြည်ချက်ဖြင့်
အသက်ကိုစတေး၊ သွေးကိုပေးခဲ့
သို့ပေးခဲ့ကြောင်း၊ သွေးတို့ပေါင်းသော်
သွေးချောင်းပင်လယ်ဝေလောက်ပြီ။

* တပ်မတော်သည်၊ ကိုယ့်တိုင်းပြည်နှင့်
ချစ်သည်မယား၊ ဆွေမျိုးအားလည်း
ထားခဲ့ခြားခဲ့၊ ခွဲခွာခဲ့၏
ခွဲခဲ့သဖြင့်၊ ငွေကြေယပွင့်တို့
ကြွေလွင့်သည်မှန်း၊ တရည်တမ်းသော်
ကြယ်ပန်းသမုဒ္ဒရာတိုင်လိမ့်မည်။

* တပ်မတော်သည်၊ ကိုယ့်တိုင်းပြည်ကို
ဓွန့်ရှည်စေရေး၊ အစဉ်တွေးလျက်
ဒို့အရေးသုံးပါး၊ အလေးထားကာ
စွန့်စားသက်နှင်း၊ ရန်ကိုရှင်း၏
သို့ရှင်းရာက၊ ကြွေလွင့်ရလည်း
ကြွေကျမဆန်း၊ စွန့်နိုင်စွမ်းသည်
အလွမ်းတို့ဆင့်၊ ပန်းတို့ပွင့်သော်
ပန်းမြင့်မိုရ်တောင်မကပြီ။

* တပ်မတော်သည်
ကိုယ့်တိုင်းပြည်အတွက်၊ လိုအပ်ချက်ကြောင့်
သွေးသက်မမှု၊ ပြည်ကျိုးရှုလျက်
ပြည်သူ့ရင်ကြား၊ နှလုံးသားမှ
ပေါက်ဖွားခဲ့ရ၊ ဆန်းစစ်ကလျှင်
"ဗမာ့လွတ်လပ်ရေးတပ်မတော်"
"ဗမာ့ကာကွယ်ရေးတပ်မတော်"
"မျိုးချစ်ဗမာ့တပ်မတော်"
"ယနေ့ပြည်သူ့တပ်မတော်"

* ဖြတ်ကျော်ကာလ၊ ကြာမြင့်လှလည်း
ရှေးကပန္နက်၊ ယုံကြည်ချက်ကို
မပျက်အမှန်၊ ဦးထိပ်ပန်၏
နိုင်ငံတော်အကျိုး၊ ထမ်းသယ်ပိုးရင်း
အမျိုးကိုချစ်၊ တိုင်းပြည်ချစ်သည့်
"အချစ်စစ်မပြယ်၊ နှစ်ရှစ်ဆယ်"သို့
ခုဝယ်ပြည့်မြောက်၊ ဂုဏ်ယူလောက်သည်
ထွန်းတောက်နေနှယ်ဝင်းသည်တကား။ ။

(နှစ်(၈၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုလျက်)

တက္ကသိုလ်ညိုမင်းမောင်

တိုက်ကြီးမြို့နယ်၊ ဒလမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးစဉ်။

နေပြည်တော် မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ မလေးရှားပိုင်းကျေးရွာရှိ ဒေသခံပြည်သူ ၁၀၀ ဦးတို့ကို အဆိုပါကျေးရွာရှိ မင်္ဂလာရာမကျောင်းတိုက်၌လည်းကောင်း၊ ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်ရှိ ဒေသခံပြည်သူ ၁၃၇ ဦးတို့ကို အဆိုပါရပ်ကွက်ခမ္မာရုံ၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရွှေချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၁၄ ပါး၊ သာသနာနွယ်ဝင် သီလရှင် ၇ ပါးနှင့် ဒေသခံပြည်သူ ၁၃၇ ဦး တို့ကို အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌လည်းကောင်း ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့်နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ Ultrasound စက်ဖြင့်ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

စဉ်ဆက်ပညာရေးလုပ်ငန်း ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် မတ် ၂၆

ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင်နှင့် ဇေယျာသီရိခရိုင် မြို့နယ်လေးမြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း ဂုဏ်ပြုပွဲကို ယနေ့နံနက် ၈ နာရီတွင် တပ်ကုန်းမြို့နယ် အောင်ဆန်းခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် စဉ်ဆက်ပညာရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စဉ်ဆက်ပညာရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးစီးကော်မတီအတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးနေမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင်များ၊ညွှန်ကြားရေးမှူးချုပ်များ၊ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် တိုင်း/ခရိုင်/ မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် စဉ်ဆက်ပညာရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ စေတနာရှင် လုပ်အားပေးနည်းပြ / ကြီးကြပ်များ၊ စာသင်သားများတက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စဉ်ဆက်ပညာရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခဲ့သည့် နေပြည်တော်ပညာရေးမှူးရုံးနှင့် စေတနာလုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် နည်းပြနှင့် ကြီးကြပ်ကိုယ်စားလှယ်နှစ်ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးက စဉ်ဆက်ပညာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပြောကြားပြီး စဉ်ဆက်ပညာရေးလုပ်ငန်းတွင် ပါဝင်တက်ရောက်ခဲ့သည့် စာသင်သားကိုယ်စားလှယ် နှစ်ဦးထံမှတ်တမ်းတင်ဂုဏ်ပြုလွှာနှင့် သင်ယူပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များပေးအပ်သည်။

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်နှစ်(၈၀)ပြည့်တပ်မတော်နေ့ကိုကြိုဆို ဂုဏ်ပြုသောအားဖြင့် တပ်ကုန်းမြို့နယ် တဲမြင့်ကျေးရွာအုပ်စု သရက်ပင်ကျေးရွာရှိ “လင်းရောင်ခြည်” စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး စာကြည့်တိုက်တွင် စာအုပ်စာစောင်များ ထားရှိမှုကို ကြည့်ရှုသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စာကြည့်တိုက်အတွက် MRTV DTH စလောင်းနှင့် MRTV DVB-T2 Set Top Box တစ်စုံနှင့် နေပြည်တော်ကောင်စီမှ စာကြည့်တိုက်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ငွေများကိုလည်းကောင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက စာကြည့်တိုက်အတွက် မတည်ငွေများနှင့် စာအုပ်စာစောင်များကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် “လှ” ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ ဝါကြိတ်စက်နှင့် ဝါသိုလှောင်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းပညာရတနာခန်းမ၌ကျင်းပသည့် နွေရာသီအခြေခံ အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ယနေ့ဖွင့်လှစ်သည့် နွေရာသီအခြေခံ အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ ယဉ်ကျေးလိမ္မာသင်တန်းများကို မြို့နယ်ရှစ်မြို့နယ်တွင် မတ်လ ၂၆ ရက်မှ ဧပြီလ ၁၁ ရက်အထိ တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လျှပ်စစ်မော်တော်ယာဉ်ဓာတ်အားဖြည့်သွင်းရုံ(EV Charging Station) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၆

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် AGAPE Love ကုမ္ပဏီမှ တည်ဆောက်ပြီးစီးသည့် လျှပ်စစ်မော်တော်ယာဉ် ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ယင်းဓာတ်အားဖြည့်သွင်းရုံ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့လျှပ်စစ်သုံးယာဉ်များပြေးဆွဲ/အသုံးပြုရေးနှင့် အခြေခံအဆောက်အဦများအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

အခမ်းအနားတွင် လျှပ်စစ်သုံးယာဉ်ပြေးဆွဲ/အသုံးပြုရေးနှင့် အခြေခံအဆောက်အဦများအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးဝဏ္ဏဇော်ကအဖွင့်အမှာစကားပြောကြားပြီး AGAPE Love ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက (EV Charging Station) တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ထို့နောက် လျှပ်စစ်မော်တော်ယာဉ်ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station) ကို နေပြည်တော် စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ကုမ္ပဏီမှတာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီး ဦးဝင်းဖေက EV Charging Station ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက လျှပ်စစ်သုံးယာဉ်များအတွက် လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ(EV Charging Station)အတွင်းကြည့်ရှုလေ့လာကြပြီး လျှပ်စစ်သုံးယာဉ်များ လက်တွေ့အားဖြည့်နေမှုနှင့် စမ်းသပ်မောင်းနှင်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသောနိုင်ငံတော်သစ်ဆီသို့” ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲ တတိယနေ့တွင် ပါဝင်တက်ရောက်ဆွေးနွေးကြသူများ၏ စကားသံများ

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသောနိုင်ငံတော်သစ်ဆီသို့” ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲကို မတ်လ ၂၄ ရက်မှစတင်၍ နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ သုံးရက်တာကျင်းပခဲ့ရာ ယနေ့စကားဝိုင်းဆွေးနွေးပွဲတတိယနေ့တွင် ပါဝင်တက်ရောက်ဆွေးနွေးကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်-


ဒေါက်တာအေးမောင်


နိုင်အောင်မငေး


စောစိန်ဝင်း


ဦးစိုင်းအိုက်ပေါင်း


ဒေါက်တာညီညီသင်း


နန်းစေအွာ

ဒေါက်တာအေးမောင်
ဥက္ကဋ္ဌ၊ ရခိုင့်ဦးဆောင်ပါတီ

ဒီနေ့ ဆွေးနွေးပွဲမှာ လက်ရှိ နိုင်ငံရေးအခြေအနေ တည်ငြိမ်အေးချမ်းဖို့နဲ့ ရွေးကောက်ပွဲအလွန် နိုင်ငံရေးအခြေအနေအပေါ်မှာ သုံးသပ်တင်ပြဆွေးနွေးခဲ့ပါတယ်။ ငြိမ်းချမ်းရေးက မြန်မာနိုင်ငံအတွက် လိုအပ်ချက်တစ်ခုဖြစ်တယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ စကားဝိုင်းဆွေးနွေးပြောကြားတဲ့ အချိန်ကလည်း ၂၀၂၅ နှစ်ဦးပိုင်းလို့ပြောလို့ရတယ်။ နှစ်ကုန်ပိုင်းမှာလည်း ရွေးကောက်ပွဲလုပ်မယ်။ အကြမ်းမဖက်တဲ့နိုင်ငံရေးနည်းနဲ့ ဆွေးနွေးကြမယ်။ လူထုပါဝင်တဲ့ ငြိမ်းချမ်းမှုဖြစ်စဉ်တစ်ခု၊ လူထုတောင်းဆိုတဲ့ ငြိမ်းချမ်းမှုဖြစ်စဉ်တစ်ခုဖြစ်မှပဲ လက်နက်ကိုင်ပဋိပက္ခတွေ ရပ်နိုင်မှာဖြစ်ပါတယ်။

ရွေးကောက်ပွဲ အောင်မြင်ဖို့အတွက် တည်ငြိမ်အေးချမ်းမှု ရှိဖို့လိုတယ်။ ရွေးကောက်ပွဲမတိုင်ခင် လုံခြုံမှုရှိဖို့၊ မဲပေးနိုင်ဖို့အတွက် ငြိမ်းချမ်းရေးစကားဝိုင်း Peace Talk တွေနဲ့ စတာဖြစ်တယ်။ ပညာရပ်ပိုင်းဆိုင်ရာနဲ့ပတ်သက်တာတွေ ကဏ္ဍအသီးသီးကပါဝင်တဲ့ ပုဂ္ဂိုလ်တွေ စကားဝိုင်းမှာ တွေ့ဆုံဆွေးနွေးကြတယ် ဆိုကတည်းက လူအများစိတ်ဝင်စားမှုဖြစ်သွားတယ်။

NSPNC အနေနဲ့ ဒီထက်ကြီးကြီးမားမား အားလုံးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးပွဲကြီးတစ်ခုကို လုပ်သွားရမှာဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲတွေက ထွက်လာတဲ့ Outcomes တွေကို အကြီးအကဲဘက်က သဘောတူရင် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှု အောင်မြင်သွားမှာဖြစ်တယ်။ ပြေးလမ်းက အခုစပြီး လာမယ့် ရွေးကောက်ပွဲမတိုင်မီ မြန်မာနိုင်ငံ ဒီထက်ပိုပြီး တည်ငြိမ်အေးချမ်းအောင်လုပ်ရမယ်။ ငြိမ်းချမ်းရေးစကားဝိုင်းတွေလည်း ပိုမိုကျယ်ပြန့်လာမှာဖြစ်ပါတယ်။

နိုင်အောင်မငေး
ဗဟိုအလုပ်အမှုဆောင်၊
မွန်ပြည်သစ်ပါတီ

NCA ရေးထိုးထားတဲ့ မွန်ပြည်သစ်ပါတီအနေနဲ့ တက်ရောက်တာဖြစ်ပါတယ်။ စကားဝိုင်းဆွေးနွေးပွဲ သုံးရက်တာ ဆွေးနွေးချက်တွေကို ပြန်ပြီးတော့ သုံးသပ်မယ်ဆိုရင် ငြိမ်းချမ်းရေးအတွက် အများကြီး အထောက်အကူဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေ့ဆက်ပြီး ငြိမ်းချမ်းရေးအတွက်၊ ရေရှည်ငြိမ်းချမ်းရေး တည်တံ့ဖို့အတွက် အထောက်အကူ အများကြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးရေးတွေက တစ်ခုနဲ့ တစ်ခု ဆက်စပ်နေတယ်။ ဒါကြောင့်မို့ သုံးရက်တာ ဆွေးနွေးပွဲတက်ရောက်ရတဲ့အပေါ်မှာ ကျွန်တော်တို့အတွက် အများကြီးအထောက်အကူဖြစ်ပါတယ်။ ဆွေးနွေးပွဲက သိရှိရတဲ့ အချက်အလက်တွေကို ပြည်သူတွေ၊ ကျွန်တော်တို့ရဲ့ ပါတီတွေကို ပြန်ပြီးတော့ ဝေမျှပေးသွားမယ်ဆိုရင် ပိုပြီးအကျိုးရှိမယ်လို့ထင်ပါတယ်။

စောစိန်ဝင်း
ဒီမိုကရေစီအကျိုးပြု
ကရင်တပ်မတော် (DKBA)

အခု ဖြစ်ပေါ်လာတဲ့ ငြိမ်းချမ်းရေး စကားဝိုင်းဆွေးနွေးပွဲ အခင်းအကျင်းမှာ အမြင်သဘောထားတွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့်ရခဲ့ပါတယ်။ ဒီဆွေးနွေးပွဲအခင်းအကျင်းကနေတစ်ဆင့် တာဝန်ရှိလူကြီးတွေက ရှေ့ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ်။ အခုလို စကားဝိုင်းတွေများများလုပ်နိုင်လေ ပိုကောင်းလေလို့မြင်ပါတယ်။

စကားဝိုင်းဆွေးနွေးပွဲမှာ အဓိကကတော့ လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးအတွက် အဓိကယုံကြည်မှု တည်ဆောက်ရင်းနဲ့ အားလုံးပါဝင်တဲ့ အခင်းအကျင်းတစ်ခုကို သွားသင့်တယ်လို့ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ အားလုံးရဲ့အမြင် သဘောထားတွေ၊ စုစည်းနိုင်တဲ့ဆွေးနွေးပွဲ အခင်းအကျင်းတွေကို များများလုပ်ပေးနိုင်လေ ရလဒ်တွေနဲ့ အမြင်သဘောထားတွေကို စုစည်းနိုင်လေဖြစ်မယ်လို့ ထင်ပါတယ်။

နန်းစေအွာ
JMC ကိုယ်စားလှယ်

ဒီ စကားဝိုင်းဆွေးနွေးပွဲ Peace Talk က ပထမဦးဆုံးဖြစ်တယ်။ ပြည်သူလူထုအလွှာပေါင်းစုံကို ချဉ်းနှိုင်းဖို့အတွက် ဆက်ပြီးတော့ ဆွေးနွေးပွဲတွေလုပ်သွားဖို့ လိုပါတယ်။ တက်ရောက်လာသူတွေက ပြန်လည်ပြီးတော့ မျှဝေမယ်ဆိုရင် တဖြည်းဖြည်းနဲ့ သိလာကြပြီးတော့ လက်ခံလာမယ်ထင်ပါတယ်။

ကျွန်မတို့ တိုင်းရင်းသားဒေသတွေမှာ ပဋိပက္ခတွေဖြစ်တော့ လုံခြုံမှုကပိုပြီးတော့ အရေးကြီးပါတယ်။ လုံခြုံမှုမရှိတဲ့ဒေသတွေမှာ ပြည်သူတွေဒုက္ခရောက်ကြရတယ်။ တိုင်းပြည်အေးအေးချမ်းချမ်း ပြန်နေနိုင်ဖို့က အစိုးရမှာတာဝန်ရှိသလို အခြားအဖွဲ့အစည်းအသီးသီးနဲ့ ပြည်သူတွေမှာလည်း တာဝန်ရှိတယ်။ စကားဝိုင်းတွေ့ဆုံဆွေးနွေးပွဲမှာ ကဏ္ဍစုံကလူတွေပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေ၊ လူငယ်တွေနဲ့ မီဒီယာတွေပါ ဆွေးနွေးပွဲမှာပါဝင်လာတယ်။ အခုလိုစကားဝိုင်းတွေကို သုံးလတစ်ခါ ဒါမှမဟုတ် ခြောက်လတစ်ခါ ပြုလုပ်တဲ့အခါမှာ အလွှာပေါင်းစုံကလည်း ပါလာစေချင်တယ်။ အားလုံးပါဝင်မှ ပဋိပက္ခတွေကို ဖြေလျှော့နိုင်မယ်၊ ဖြေလျှော့နိုင်မှငြိမ်းချမ်းရေးရလာမယ်။ ငြိမ်းချမ်းရေးရမှ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း
ဥက္ကဋ္ဌ၊ ရှမ်းတိုင်းရင်းသားများ
ဒီမိုကရက်တစ်ပါတီ

နိုင်ငံတော်အကြီးအကဲက ၂၀၂၅ ဒီဇင်ဘာလမှာ ရွေးကောက်ပွဲပြုလုပ်သွားမယ်လို့ ပြောကြားထားတယ်။ တိုင်းပြည်က ဒီမိုကရေစီကိုသွားမယ်ဆိုရင် ရွေးကောက်ပွဲက မဖြစ်မနေလုပ်ဆောင်ရမှာဖြစ်ပါတယ်။ လုံခြုံရေးက ရွေးကောက်ပွဲအတွက် အင်မတန်အရေးကြီးတယ်။ ပြည်သူလူထုမဲလာပေးတဲ့အခါမှာ စိုးရိမ်မှုမရှိဖို့လိုပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲမတိုင်မီ တိုင်းရင်းသားလက်နက်ကိုင်တွေ အားလုံးကို ဖိတ်ခေါ်ပြီး အားလုံးပါဝင်တဲ့ အစုအဖွဲ့တွေနဲ့တွေ့ဆုံပြီး ညီလာခံကြီးကို ကျင်းပသွားမယ်ဆိုရင် နိုင်ငံအတွက်အများကြီး ကောင်းမွန်လာနိုင်ပါတယ်။ အချင်းချင်း ပဋိပက္ခတွေ ဖြစ်နေမယ့်အစား ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ညှိနှိုင်းဆွေးနွေးသွားရင် အောင်မြင်သွားမှာဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း-သန်းကျော်အောင်
ဓာတ်ပုံ- ဂျိုင်းလော(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၂၆-၃-၂၀၂၅

ကော့ကရိတ်	၄၀ ဒသမ ၅	ဒီဂရီဆဲလ်စီးယက်	ညောင်လေးပင်	၃၉ ဒသမ ၅	ဒီဂရီဆဲလ်စီးယက်
ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ)	၄၀ ဒသမ ၄	ဒီဂရီဆဲလ်စီးယက်	ဇောင်းတူ	၃၉ ဒသမ ၄	ဒီဂရီဆဲလ်စီးယက်
ချောက်	၄၀ ဒသမ ၂	ဒီဂရီဆဲလ်စီးယက်	ပဲခူး	၃၉ ဒသမ ၄	ဒီဂရီဆဲလ်စီးယက်
ရွှေကျင်	၃၉ ဒသမ ၇	ဒီဂရီဆဲလ်စီးယက်	တောင်ငူ	၃၉ ဒသမ ၃	ဒီဂရီဆဲလ်စီးယက်
			ပြည်	၃၉ ဒသမ ၂	ဒီဂရီဆဲလ်စီးယက်



နိုင်ငံတော်နှင့် ပြည်သူအတွက် ဦးထိပ်ထားဆောင်ရွက်နေခြင်းဖြစ်

ဒို့တပ်မတော်ဟာ ပြည်သူလူထုမှ ပေါက်ဖွားတဲ့ ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ရန်၊ နိုင်ငံတော်ကို ကာကွယ်ရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားရမှာဖြစ်ပြီး ဒီလိုလုပ်ဆောင်နေခြင်းဟာ နိုင်ငံတော်နှင့်ပြည်သူအတွက် ဦးထိပ်ထားဆောင်ရွက်နေခြင်းဖြစ်လို့ တရားသောစစ်ဆင်နွှဲနေခြင်းဖြစ်တယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွမင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ပထူး)ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈) သူရဇာပဒ်ခွဲသင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၁-၂-၂၀၂၅

နှစ်(၈၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြုဈာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်



ညွှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက နှစ် (၈၀) ပြည့် တပ်မတော်နေ့ဂုဏ်ပြုဈာတ်လမ်းဖြစ်သည့် "သစ္စာမျိုးဆက်" ဈာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၂၆

နှစ်(၈၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြုဈာတ်လမ်းဖြစ်သည့် "သစ္စာမျိုးဆက်" ဈာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ ညွှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ညွှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ညွှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်းရေးစပ်သူ အကယ်ဒမီ ဂီတမှူး ဦးဝင်းကိုနှင့် ဗညား ရဲရင့်တို့အား ဂုဏ်ပြုချီးမြှင့်ငွေနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများပေးအပ်သည်။

ယင်းနောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက "သစ္စာမျိုးဆက်" ဈာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင်များဖြစ်ကြသည့် အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ မေသဏ္ဍာဦး၊ ကျော်ဇော်ဟိန်း၊ အောင်ပိုင်၊ ခိုင်သဇင်ငုဝါ၊ လင်းလက်ခွန်းချို၊ ပိုင်စစ်မှူး၊ ရှင်ရဲထွဋ်၊ ကြယ်စင်လင်းထူး၊ ဈာတ်ညွှန်းအကြံပေး လှိုင်းသစ်၊ လက်ထောက်ဒါရိုက်တာ သက်သဇင်ထွဋ်၊ ဈာတ်လမ်း/ဈာတ်ညွှန်း၊ ဒါရိုက်တာ အကယ်ဒမီတင်အောင်စိုး (ပန်းမြို့တော်) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက နှစ်(၈၀) ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် စစ်ချီသီချင်းနှင့် စစ်သည်တေးသီချင်းဆု ရရှိကြသည့် ဂုဏ်ပြုစစ်ချီသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ မြင့်မိုရ်ဦး၊ ဒုတိယဆုရရှိသူ အောင်ဇော်ဦး(ရဲတီးပိုင်း)၊ တတိယဆုရရှိသူ လှိုင်ဝင်းထွန်း၊ စတုတ္ထဆုရရှိသူ ဒုအရာခံဗိုလ်သက်ဝင်းလှိုင်၊ ပဉ္စမဆုရရှိသူ ခင်ဇော်(မြဝတီ)၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ ထားရ၊ ဒုတိယဆုရရှိသူ မအိ(ပဲခူး)၊ တတိယဆုရရှိသူ ရွှေသင်းသူ(သဇင်)၊ စတုတ္ထဆုရရှိသူ ကေသီ၊ ကဗျာဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ကောင်းခြိမ့်ကျော်၊ ဒုတိယဆုရရှိသူ မနောသစ်(ပခုက္ကူ)၊ တတိယဆုရရှိသူ အောင်နိုင်သူ(ဇွဲကပင်)၊ စတုတ္ထဆုရရှိသူ ခိုင်မြတ်မော် (မြဝတီ)၊ ပဉ္စမဆုရရှိသူ ဉာဏ်လင်း(တပ်ကုန်း)၊ အထူးဆု(၁)ရရှိသူ သက်နှင်းညို၊ အထူးဆု(၂) ရရှိသူ ရဲမွန်ကျော်၊ အထူးဆု(၃) ရရှိသူ ရွှေလေးခင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ကဗျာအလွတ်တန်း အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မြတ်ထွဏ်း နောင်(ဒုတိယဆုရရှိသူ ဘုန်းမောင်ထင်း(ဖျာပုံ)၊ တတိယဆုရရှိသူ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ စတုတ္ထဆုရရှိသူ ရေနံ့သာမောင်ကျော်ညွှန့်၊ ပဉ္စမဆုရရှိသူ မနောဖြူ။ အထူးဆု(၁) ရရှိသူ မောင်မင်းသိမ်း(သရက်)၊ အထူးဆု(၂) ရရှိသူ မျိုးစစ်သည်၊ အထူးဆု(၃)ရရှိသူ ညောင်ရွှေ-ခင်မောင်မြ၊ ဝတ္ထုတိုဝါသနာရှင် အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ အမောင်၊ ဒုတိယဆုရရှိသူမုန်းမောင်မောင်၊ တတိယဆုရရှိသူ ယု(သဇင် FM)၊ စတုတ္ထဆုရရှိသူ မနောဖြူ၊ ပဉ္စမဆုရရှိသူ ရဲမွန်ကျော်၊ အထူးဆု(၁)ရရှိသူ ငြိမ်းချမ်းဖြူ။ အထူးဆု(၂) ရရှိသူ ထက်ပိုင်ဦး(သစ္စာမြေ)၊ အထူးဆု(၃) ရရှိသူ စစ်ငြိမ်းပန်းတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း။

စာမူပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသည့် ဂုဏ်ပြုဝတ္ထုတိုအလွတ်တန်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသူ မောင်မောင်လွင် (ရွှေတိုသား)၊ တတိယဆုရရှိသူ ကျော်တေဇ (ဥက္ကလာ)၊ စတုတ္ထဆုရရှိသူ ထက်ဝေအောင်(စစ်ကိုင်း)၊ ပဉ္စမဆုရရှိသူ မောင်စုံးရှ (အနောက်ရိုးမ)၊ အထူးဆု(၁)ရရှိသူ မင်းလပြည့်(ဟားခါး)၊ အထူးဆု(၂) ရရှိသူ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)၊ အထူးဆု(၃) ရရှိသူ စေတမန်၊ ဝတ္ထုရှည်ဝါသနာရှင် အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မြခြူးအိမ်၊ ဒုတိယဆုရရှိသူ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ တတိယဆုရရှိသူ လူမောင်(ဝိရောဓိ)၊ စတုတ္ထဆုရရှိသူ တင်ဦး(ရန်ကင်း)၊ ပဉ္စမဆုရရှိသူ သျှင်ငြိမ်းစံ၊ အထူးဆု(၁) ရရှိသူ မောင်စိုးထွန်း၊ အထူးဆု(၂) ရရှိသူ အောင်မင်းကျော်(ပညာ)၊ အထူးဆု(၃) ရရှိသူ ခင်မျိုးမျိုးချစ်(ချင်းတောင်)၊ ဝတ္ထုရှည်အလွတ်တန်း အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ တက္ကသိုလ်မြမဋ္ဌ။ ဒုတိယဆုရရှိသူ စိုးနွေ၊ တတိယဆုရရှိသူ ရဲမင်းစိုး၊ စတုတ္ထဆုရရှိသူ ညိမ်းညို၊ ပဉ္စမဆုရရှိသူ နေဇင် (ပေါက်ခေါင်း)၊ အထူးဆု(၁) ရရှိသူ နီသင်အောင်ကျော်မိုး၊ အထူးဆု(၂) ရရှိသူ ခန့်ပိုင်၊ အထူးဆု(၃) ရရှိသူ အမေ့သား(နတ်မောက်) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း အသီးသီးပေးအပ်ကြသည်။



ညွှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်းရေးစပ်သူ အကယ်ဒမီ ဂီတမှူး ဦးဝင်းကိုအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်စဉ်။

အခမ်းအနားအပြီးတွင် ညွှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက တက်ရောက်လာကြသူများအား လက်ဖက်ရည်ပိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk 2025 တတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် မတ် ၂၆

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk 2025 တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင် ဝင်ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးရာထူးပမာန်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့်လေ့လာသူများ တက်ရောက်ကြသည်။

စကားဝိုင်းဆွေးနွေးပွဲ ပထမပိုင်း “နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူးဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်ကဆောင်ရွက်ပြီး “ရွှေကောက်ပွဲ၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး” ခေါင်းစဉ်ဖြင့် ဒေါက်တာအောင်မြတ်ဦးနှင့် ဒေါက်တာအေးမောင်တို့က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ “စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန် (ငြိမ်း)က ဆောင်ရွက်ပြီး “ရွှေကောက်ပွဲ၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး” ခေါင်းစဉ်ဖြင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး (ငြိမ်း) နှင့် ဦးကိုကိုကြီးတို့က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက်ရရှိလာသည့် သဘောထားများကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်များကအကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပိတ်ပွဲအခမ်းအနားကို ကျင်းပရာနိုင်ငံရေးနှင့်လုံခြုံရေးကဏ္ဍဆိုင်ရာ ဆွေးနွေးချက် အကြောင်းအရာများအပေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)က ပြန်လည်သုံးသပ်ဆွေးနွေးသည်။ ယင်းနောက် စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာ ဆွေးနွေးချက် အကြောင်းအရာများအပေါ် စီးပွားရေးသုတေသီဒေါက်တာဇော်ဦးက ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နိုင်ငံရေးနှင့်လုံခြုံရေးကဏ္ဍနှင့်စပ်လျဉ်း၍ သုံးရက်တာ ဆွေးနွေးပွဲ ရလဒ်များကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန် (ငြိမ်း)က စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ သုံးရက်တာ ဆွေးနွေးပွဲ ရလဒ်များကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး (ငြိမ်း)က ထို့နောက် စကားဝိုင်းဆွေးနွေးပွဲအဖွဲ့ (၁) ကိုယ်စား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (ကရင်ပြည်နယ်) ဒုတိယဥက္ကဋ္ဌ (၂)နန်းစေအွာနှင့်အဖွဲ့ (၂)ကိုယ်စား ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့က ကျေးဇူးတင်စကားများ ပြောကြားသည်။



ယင်းနောက်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် သုံးရက်တာ ငြိမ်းချမ်းရေးစကားဝိုင်းမှရရှိခဲ့သည့် သုံးသပ်ဖော်ထုတ်ချက်များနှင့် အကြံပြုချက်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်အတွက် အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ဖြစ်စေမည်ဟု ယုံကြည်ကြောင်း၊ ရရှိခဲ့သည့်သုံးသပ်ဖော်ထုတ်ချက်များနှင့် အကြံပြုချက်များအား လက်တွေ့ပြန်လည်အသုံးချနိုင်ရန်ဆက်လက် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် NSPNC အနေဖြင့် ငြိမ်းချမ်းရေးစကားဝိုင်းများအား အခါအားလျော်စွာ ကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ်ညှဉ်ခံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တက်ရောက်

ရန်ကုန် မတ် ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့်အမျိုးသားနေ့ အထိမ်းအမှတ်ညှဉ်ခံပွဲကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး Dr.Md.Monwar Hossainနှင့်ဇနီး၊ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့်ဇနီးတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့်အမျိုးသားနေ့အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဧည့်ခံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ပန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့်ဇနီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ရွှေထွန်းနှင့် ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောဝ်၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့်ဇနီး၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။



(သတင်းစဉ်)

လေကောင်းလေသန့်ရသောပတ်ဝန်းကျင်တွင် လမ်းလျှောက်ရင်း အသက်ရှူလေ့ကျင့်ခန်းများ ပြုလုပ်ပေးပါ။

အေးလည်းအတူ ပူလည်းအမျှ

ခင်လေး(ပြည်ထောင်စုနယ်မြေ)

မိသားစုတစ်စု သို့မဟုတ် အိမ်ထောင်စုတစ်စုတွင် မိသားစုဝင်အချင်းချင်း တစ်ဦးနှင့်တစ်ဦးချစ်ခင်တွယ်တာ၍ စိတ်အေးချမ်းသာ အပူအပင်ကင်းစွာ နေထိုင်နေကြသည့်အသိုက်အမြုံကို "သီရိဂေဟာ" ဟု လူတို့က အမည်ပေးကင်ပွန်းတပ်ကြသည်။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော အိမ်ဂေဟာအဖြစ် တင်စားကြသည်။ ဤသီရိဂေဟာအတွင်းနေထိုင်ကြသူတစ်ဦးတစ်ယောက်ချင်းစီ၏ အတွေးအမြင် အယူအဆနှင့် အမြော်အမြင်တို့သည် အရာရာတွင် အပြုသဘောဆောင်နေကြခြင်းကြောင့်သာ ဖြစ်သည်။

အပြုသဘောဆောင်သောစကားသည် အောင်မြင်ခြင်းကို ဦးတည်သကဲ့သို့ အပြုသဘောဆောင်သော လုပ်ရပ်သည်လည်း ပျက်စီးခြင်းကိုတားဆီးစေသည်။ အခါလွန်မိုးဆိုသောစကားကို ကြားဖူးပေလိမ့်မည်။ မိုးရေသည် သူ့အချိန်သူ့အခါနှင့်ရွာသွန်းမှသာ ကမ္ဘာမြေအတွက် လူသားတစ်ရပ်လုံးအတွက် အကျိုးဖြစ်ထွန်းစေသည်။

နယ်နိမိတ်တစ်ခုတည်းတွင် တစ်မြေတည်းနေ တစ်ရေတည်းသောက်နေကြသူများအတွင်း စိတ်ဝမ်းကွဲခြင်း၊ မုန်းတီးခြင်း၊ မည်ညွတ်ခြင်း စသည့် ပယောဂများဝင်ရောက်လာပါက မတည်ငြိမ်မှုများ၊ ပဋိပက္ခများ၊ အန္တရာယ်ဘေးဒုက္ခများနှင့်ရင်ဆိုင်ရပေတော့မည်။ ထိုအခြင်းအရာတို့ကို ခါးစည်းခံကြရမည့်သူများမှာလည်း မိမိတို့နိုင်ငံသားများကိုယ်တိုင်သာဖြစ်သည်။ မိသားစုတစ်စု၏မိတင်းနေထိုင်ရာ အိုးအိမ်အဆောက်အအုံသည် အေးချမ်းသော သာယာသော သီရိဂေဟာတစ်ခုဖြစ်မူ တစ်ဦးတစ်ယောက်ချင်းစီ၏ အနာဂတ်လှပသကဲ့သို့ပင် နိုင်ငံသားတို့မိတင်းနေထိုင်ရာ နိုင်ငံတစ်ခုသည်လည်း ညီညွတ်မျှတစည်းကမ်းကျပါမူ အေးချမ်းသာယာသော၊ ဘဝလူနေမှုအဆင့်မြင့်မားတိုးတက်သော ဘဝများစွာကိုပိုင်ဆိုင်ခွင့်ရကြမည်ဖြစ်သည်။

မလွဲမရှောင်သာသော ခက်ခဲကြမ်းတမ်းသည့် ဖြစ်ရပ်များ၊ လှိုင်းလေထန်သည့်ကာလများကို ကြုံတွေ့စေကာမူ လက်တွဲမဖြုတ်စတမ်း ရင်ဆိုင်ဖြေရှင်းနိုင်ပေလိမ့်မည်။ လူတို့၏စိတ်သဘာဝတွင် ခံစားချက်သည်ဦးစွာဖြစ်ပေါ်လေ့ရှိသည်။ ခံယူချက်သည် ဖြစ်ပေါ်မှုနှောင့်နှေးကြန့်ကြာတတ်သည် ဖြစ်ရာ ဦးစားပေးမှုမှားယွင်းလျှင် လူကြီးလူငယ်မရွေး ဘဝလမ်းကြောင်းအပြောင်းအလဲများနှင့်ရင်ဆိုင်တတ်ကြရသည်။

ခံယူချက်အမှားများကြောင့်လည်း ဦးတည်ချက်ကို လွယ်လွယ်ကူကူနှင့်မရောက်နိုင်ကြသလိုမျိုး ဖြစ်နေတတ်ခြင်းကို လက်ခံနိုင်ရမည်ဖြစ်သည်။ အချို့အရာများကြောင့် မိသားစုတစ်စုအတွင်း ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုအတွင်းဖြစ်စေ မည်မည္ဆတ်သောကိစ္စ၊ ပဋိပက္ခကိုဖြစ်စေသောအကြောင်းတရားတို့ဖြစ်လာနိုင်သည်။ ညှိနှိုင်းမှုရှိရပေမည်။ ညှိနှိုင်းမှုဟုဆိုရာတွင် အပြန်အလှန်အကျိုးရှိစေသော အောင်မြင်သည့်ညှိနှိုင်းမှုတော့ဖြစ်ရပေမည်။ ထိရောက်အောင်မြင်သည့်ညှိနှိုင်းမှုဖြစ်မှသာလျှင် အေးအတူပူအမျှဘဝများကို ရယူပိုင်ဆိုင်နိုင်လိမ့်မည်ဟုယုံကြည်သည်။

မိသားစုတစ်စုစည်းလုံးညီညွတ်မှုရှိသည်ဆိုခြင်းမှာ ထိုမိသားစုဝင်အချင်းချင်း တစ်ဦးနှင့်တစ်ဦး ခိုင်မာသည့်ယုံကြည်ကိုးစားမှုရှိနေကြခြင်းကြောင့်သာဖြစ်သည်။ ခိုင်မာသည့်ယုံကြည်ကိုးစားမှု ရှိနေကြခြင်းဆိုသည့်စကားတွင် အပြောသက်သက်မဟုတ်ဘဲ လုပ်ရပ်နှင့်သက်သေပြ၍ ဖော်ဆောင်ခြင်းသည်လည်း ပါဝင်ပေသည်။ အကြောက်တရားကြောင့်လည်းကောင်း၊ စိုးရိမ်ထိတ်လန့်မှုကြောင့်လည်းကောင်း လူမျိုးနှင့်ဘာသာတရားမတူညီမှုစသည့်အကြောင်းအရာများကြောင့် အဖွဲ့အစည်းတစ်ခု၊ မိသားစုတစ်စုတို့အတွင်း မည်ညွတ်မှုသွေးကွဲမှုတို့မဖြစ်စေသင့်ပါ။

> ❐ **နယ်နိမိတ်တစ်ခုတည်းတွင် တစ်မြေတည်းနေ တစ်ရေတည်းသောက် နေကြသူများအတွင်း စိတ်ဝမ်းကွဲခြင်း၊ မုန်းတီးခြင်း၊ မည်ညွတ်ခြင်း စသည့် ပယောဂများဝင်ရောက်လာပါက မတည်ငြိမ်မှုများ၊ ပဋိပက္ခများ၊ အန္တရာယ် ဘေးဒုက္ခများနှင့်ရင်ဆိုင်ရပေတော့မည် . . .**
>
> ❐ **ဘေးစကားများနားယောင်နေကြသော ယနေ့ခေတ်ကာလတွင် မျိုးဆက်သစ်တို့အနေဖြင့် သွေးကပြောသောစကားကိုသာကြားနိုင်အောင် နှလုံးသားပါသောနားဖြင့် နာကြားလက်ခံနိုင်အောင်ကြိုးစားသင့် . . .**
>
> ❐ **ပြည်သူလူထု၏ဆန္ဒဖြစ်သော စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြန်လည်လျှောက်လှမ်းနိုင်ရန်အတွက် ဦးစွာသော လိုအပ်ချက်မှာ နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှုရရှိရေးဖြစ် . . .**

ဘေးစကားများနားယောင်နေကြသော ယနေ့ခေတ်ကာလတွင် မျိုးဆက်သစ်တို့အနေဖြင့် သွေးကပြောသောစကားကိုသာကြားနိုင်အောင် နှလုံးသားပါသောနားဖြင့် နာကြားလက်ခံနိုင်အောင်ကြိုးစားသင့်သည်။ ပယောဂဆန်သောသတင်းဆိုးများကို ယုံစားမိ၍ လမ်းချော်နေသောခြေလှမ်းများ ရှိပါကလည်း ပြုပြင်ရန်အချိန်သင့်ပါပြီဟုသတိပေးချင်သည်။ စေတနာအစစ်နှင့် စေတနာအတုကို ခွဲခြားနိုင်သည့်ဉာဏ်မျက်စိရှိဖို့လိုသည်။ ထိုအသိဉာဏ်ကို စာဖတ်သူတိုင်းရယူနိုင်သည်။ ခဲယဉ်းသည့်ကိစ္စမဟုတ်ပေ။ စာမဖတ်သူတို့၏ထုံးစံအတိုင်း သူများတကာ၏ ပါးစပ်ဖျားမှထွက်ကျလာသော စကားလုံးများအကြားတွင် မိမိဘဝလမ်းပျောက်နေသောလူငယ်အချို့ကို တွေ့နေမြင်နေရသည်။ အထူးသဖြင့် စာရေးသူတို့နိုင်ငံတွင် ဆိုရှယ်မီဒီယာအသုံးပြုသူအများစုမှာ သတင်းထုတ်ပြန်မှု စတင်သည့်ဌာနကို ဆန်းစစ်နိုင်မှုလွန်စွာအားနည်းကြကြောင်းတွေ့ရသည်။ မိမိတို့ရရှိလိုက်သည့် သတင်းလည်းကောင်း လူမျိုးနှင့်ဘာသာတရားမတူညီမှုစသည့်အကြောင်းအရာများကြောင့် အဖွဲ့အစည်းတစ်ခု၊ မိသားစုတစ်စုတို့အတွင်း မည်ညွတ်မှုသွေးကွဲမှုတို့မဖြစ်စေသင့်ပါ။

ဘေးစကားများနားယောင်နေကြသော ယနေ့ခေတ်ကာလတွင် မျိုးဆက်သစ်တို့အနေဖြင့် သွေးကပြောသောစကားကိုသာကြားနိုင်အောင် နှလုံးသားပါသောနားဖြင့် နာကြားလက်ခံနိုင်အောင်ကြိုးစားသင့်သည်။ ပယောဂဆန်သောသတင်းဆိုးများကို ယုံစားမိ၍ လမ်းချော်နေသောခြေလှမ်းများ ရှိပါကလည်း ပြုပြင်ရန်အချိန်သင့်ပါပြီဟုသတိပေးချင်သည်။ စေတနာအစစ်နှင့် စေတနာအတုကို ခွဲခြားနိုင်သည့်ဉာဏ်မျက်စိရှိဖို့လိုသည်။ ထိုအသိဉာဏ်ကို စာဖတ်သူတိုင်းရယူနိုင်သည်။ ခဲယဉ်းသည့်ကိစ္စမဟုတ်ပေ။ စာမဖတ်သူတို့၏ထုံးစံအတိုင်း သူများတကာ၏ ပါးစပ်ဖျားမှထွက်ကျလာသော စကားလုံးများအကြားတွင် မိမိဘဝလမ်းပျောက်နေသောလူငယ်အချို့ကို တွေ့နေမြင်နေရသည်။ အထူးသဖြင့် စာရေးသူတို့နိုင်ငံတွင် ဆိုရှယ်မီဒီယာအသုံးပြုသူအများစုမှာ သတင်းထုတ်ပြန်မှု စတင်သည့်ဌာနကို ဆန်းစစ်နိုင်မှုလွန်စွာအားနည်းကြကြောင်းတွေ့ရသည်။ မိမိတို့ရရှိလိုက်သည့် သတင်းသာဓကများစွာရှိသည်။ အိမ်ကြက်ချင်းအိုးမည်းသုတ်၍ခွပ်ခိုင်းစေသောလုပ်ရပ်များကို ဖန်တီးနေကြောင်းသိစေချင်မိသည်။

အချို့လူငယ်များမှာ ဆိုရှယ်မီဒီယာပေါ်တွင် တွေ့ရှိရသည့် သတင်းတု သတင်းမှားများကြောင့် နားအဆိပ်သင့်ကာ ဘဝများဘေးချော်၍ အမှောင်ဖုံးနေကြသူတို့လည်းရှိသည်။ ထိုသို့သောမျိုးဆက်သစ်တို့ရှိလေလေ၊ သတင်းတု သတင်းမှားများနှင့် အမုန်းစကားများကို တွင်တွင်ကျယ်ကျယ်ဖြန့်ကာ နေလိမ့်မည်။ ဆိုရှယ်မီဒီယာတွင်လုပ်စားရင်းမှစီးပွားဖြစ်နေကြသောသူတို့ ပို၍များလာလေလေပင် ဖြစ်ပေလိမ့်မည်။ လူငယ်မျိုးဆက်သစ်တို့ အချိန်ပြည့် ဖုန်းပွတ်နေသောစခရင်တိုင်းကိုလျှော့ချဖို့လိုအပ်သည်။ စာဖတ်ခြင်းကိုအကျင့်လုပ်၍ယူစေချင်သည်။ စာဖတ်ခြင်းမှသည် ကိုယ်ချင်းစာနာစိတ်ကိုလည်း ရရှိလာစေမည်ဟုအာမခံသည်။

စာအုပ်တစ်အုပ်ကိုတစ်ကြိမ်ဖတ်မိလျှင် မိတ်ဆွေကောင်းတစ်ယောက်ကိုတွေ့ရသကဲ့သို့ ခံစားမှုတစ်ခုရရှိပါလိမ့်မည်။ ထိုစာအုပ်ကိုပင် နောက်ထပ်တစ်ကြိမ်ထပ်မံ၍ဖတ်မိပါမူ မိတ်ဆွေဟောင်းနှင့် ပြန်တွေ့လိုက်ရသကဲ့သို့ ပျော်ရွှင်လာပါလိမ့်မည်။ လူသားအချင်းချင်း ကိုယ်ချင်းစာနာတတ်သော စိတ်သည် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းမှ ပေါက်ဖွားလာသောကြောင့် လောကကမ္ဘာမြေကို အမှန်တကယ်အေးချမ်းသာယာစေလိုပါလျှင် လူသားအချင်းချင်း ကိုယ်ချင်းစာနာတတ်ဖို့သာအလိုအပ်ဆုံးဖြစ်သည်။ ဘယ်သူသေသေ ငတေမာပြီးရော ဆိုသည့်စိတ်ဓာတ်သည် လူ့ဘဝကို လူညွှန့်တုံးစေသောစိတ်ဓာတ်ဖြစ်သည်။

မိသားစုတစ်စု သို့မဟုတ် နိုင်ငံတစ်နိုင်ငံတွင် မိသားစုစိတ်ဓာတ်ရှိညှိနှင့် သစ္စာစောင့်သိတတ်သူတို့ အမြောက်အမြားလိုအပ်သည်။ ကိုယ်ချင်းစာတရားရှိသူသည် ကိုယ်ရချင်စိတ်နည်းပါးသူဖြစ်တတ်လေသည်။ ထိုသူတို့သာလျှင်မိသားစုအတွင်းကြုံတွေ့ရသောပြဿနာနှင့် နိုင်ငံအတွင်းရင်ဆိုင်ရသော အခက်အခဲတို့ကို မည်ညီးမည်ဘဲ၊ မရှောင်တိမ်းဘဲ၊ မလွှဲချဘဲ၊ ဒိုးတူပေါင်ဖက်၊ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ရင်ဆိုင်ဖြေရှင်းပေးလိမ့်မည်ဟုယုံကြည်သည်။ ဒုက္ခနှင့်ရင်ဆိုင်ရချိန်တွင် ရှောင်တိမ်းနေသူတို့သည်လည်းကောင်း၊ အပြစ်ပုံချနေသူတို့သည်လည်းကောင်း မိသားစုတစ်စု၊ တိုင်းပြည်နိုင်ငံတစ်ခု၏ စည်းလုံးညီညွတ်မှုနှင့်တည်တံ့ခိုင်မြဲမှု၊ ချစ်ကြည်ရင်းနှီးမှုစသည်တို့ကို ပျက်စီးအောင်ဖျက်ဆီးလိုစိတ်ရှိနေကြသူများဖြစ်လိမ့်မည်။

တိုင်းပြည်တစ်ခုအနေဖြင့်ဆိုရပါမူ ပြည်သူလူထု၏ ဆန္ဒဖြစ်သော စစ်မှန်စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြန်လည်လျှောက်လှမ်းနိုင်ရန်အတွက် ဦးစွာသောလိုအပ်ချက်မှာ နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှုရရှိရေးဖြစ်သည်ဟုပင် စာရေးသူမြင်မိပါသည်။ ပြဿနာဟူသည် မိသားစုတိုင်း၏စိတ်ဓာတ်ကို စမ်းသပ်ရန်ဝင်ရောက်လာတတ်သကဲ့သို့ပင် ဘေးဒုက္ခနှင့် အန္တရာယ်တို့သည်လည်း နိုင်ငံတစ်ခု၏စည်းလုံးညီညွတ်မှုကို စမ်းသပ်ရန်ဝင်လာတတ်စမြဲဖြစ်သည်။

ကျွန်မတို့ အမိမြေအတွင်းမှီတင်းနေထိုင်ကြသောမိသားစုဝင်များ၊ တိုင်းသူပြည်သားများ၏ စိတ်ဓာတ်နှင့်နှလုံးရည်၊ လက်ရုံးရည်တို့ကြွံကြွံခံပြီး အေးအတူပူအမျှ တွန်းလှန်ဖြေရှင်းပြကြဖို့ အချိန်ကောင်းဖြစ်သည်ဟုဆိုချင်ပါသည်။ ကျွန်မတို့ တစ်မြေတည်းနေညီနောင်ထိုင်းရင်းသားတို့အချင်းချင်း သွေးကွဲတာကိုစောင့်နေကြသူများရှိသည်ဟုလည်း အသိအမြင်မှန်ရှိဖို့လိုအပ်သည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များကို သတိပေးချင်သည့် အကြောင်းအရာမှာ မိမိတို့၏အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးသူတို့နှင့် ဆူပူမှုအတွက် သွေးထိုးလှုံ့ဆော်သူတို့ကို အသိပညာ ဉာဏ်ကြီးကြီးထားပြီး ခွဲခြားသိမြင်စေချင်သည်။

လူတို့၏သဘာဝအရပင် မိမိတို့တန်ဖိုးထားသည့်အရာနှင့် မိမိတို့မြတ်နိုးသည့်အရာတိုင်းကို လျစ်လျူရှုပြီးမနေတတ်ကြပါ။ ထို့ကြောင့် ကျွန်မတို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး စည်းလုံးခြင်းနဲ့ ညီညွတ်ခြင်းကို ခွန်အားအဖြစ်ပြောင်းလဲကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူဆုရရှိသူစာပေပညာရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ခြင်းနှင့် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများ၏ ဝမ်းသာပီတိစကားသံများ

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူဆုရရှိသူစာပေပညာရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ခြင်းနှင့် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်-

မြင့်မိုရ်ဦး
စစ်ချီသီချင်း ပထမဆု



နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနား စစ်ချီသီချင်းပြိုင်ပွဲမှာ "ရဲရဲတက် ရဲရဲတိုက် ရဲရဲချေမှုန်း" စစ်ချီသီချင်းနဲ့ ပထမဆုရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့တပ်မတော်က နိုင်ငံတော်ရဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်တဲ့အချိန်မှာ ပြည်သူလူထုအားလုံးတို့ကို လုံခြုံမှုရှိအောင်လုပ်ရပါတယ်။ ပြည်သူလူထုတွေလုံခြုံမှုရှိမှ တိုင်းပြည်တည်ငြိမ်အေးချမ်းမယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင်လုပ်ဆောင်ဖို့က တပ်မတော်သားတွေရဲ့ တာဝန်ပဲဖြစ်ပါတယ်။ အဲဒီလိုမျိုး တာဝန်တွေကိုဆောင်ရွက်ပါမှ ပြည်သူတွေရဲ့ဘဝတိုးတက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တပ်မတော် (ကြည်း၊ ရေ၊ လေ) စုပေါင်းအင်အားကို "မိုးသို့ညံလှိုင်းသို့ထန်၊ မြေကိုတုန်ဟီးသွားစေမည်" ဆိုတဲ့အတိုင်းပဲ အမိန့်နဲ့တာဝန်တွေကို ဦးဆွေးဆံမြည့်ထမ်းဆောင်ပြီး တိုက်ခိုက်သွားမယ်ဆိုတဲ့အကြောင်းကို ကဗျာထဲမှာရေးဖွဲ့ထားပါတယ်။ တပ်မတော်သားတွေရဲ့ဘဝအကြောင်းရေးဖွဲ့ထားတဲ့သီချင်းကို ဆုရရှိတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ရှေ့ဆက်ပြီး တပ်မတော်နဲ့ ပြည်သူ တစ်သားတည်းဖြစ်အောင် တတ်ကျွမ်းတဲ့တေးသီချင်းနဲ့ ကြိုးစားဆောင်ရွက်သွားပါ့မယ်။

တက္ကသိုလ်မြမ္မာ့
ဝတ္ထုရှည်(အလွတ်တန်း) ပထမဆု

ဝတ္ထုရှည်(အလွတ်တန်း)မှာ "လွမ်းရက်တာရှည်စစ်မြေပြင်စခန်းမှာဖြင့်"ဝတ္ထုနဲ့ ပထမဆုကိုရရှိခဲ့တာဖြစ်ပါတယ်။ ရေးသားရတဲ့ရည်ရွယ်ချက်ကတော့ အမျိုးသားတွေ တပ်ထဲဝင်တဲ့အချိန်၊ ရှေ့တန်းသွားတဲ့အချိန် ခံယူချက်၊ ခံစားချက် နိုင်ငံတော်ကိုချစ်တဲ့ မျိုးချစ်စိတ်၊ ရဲဘော်တစ်ယောက်မှာရှိတဲ့စိတ်၊ အစ်မတို့ရဲ့ကိုယ်တွေ့ဗဟုသုတတွေပေါင်းစပ်ပြီးရေးသားထားတာဖြစ်ပါတယ်။ တပ်မတော်သားတွေက တိုင်းပြည်အတွက်၊ နိုင်ငံ့အတွက် အသက်ပေးစွန့်လွှတ်အနစ်နာခံပြီး တိုင်းပြည်ကို ကာကွယ်ပေးကြပါတယ်။ ရှေ့တန်းရောက်တပ်မတော်သားတွေလည်း အရမ်းခက်ခဲဒုက္ခရောက်နေတဲ့အချိန်မှာ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အသက်အန္တရာယ်ဘေးကင်းပါစေ၊ တပ်မတော်သားတွေအောင်



ပန်းဆင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။ ဒီဆုကိုရရှိတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာမိပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မြတ်ထွန်းနောင်
ကဗျာ(အလွတ်တန်း)ပထမဆု



နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာအလွတ်တန်းပြိုင်ပွဲမှာ ပထမဆုရရှိခဲ့ပါတယ်။ တပ်မတော်သားတွေနဲ့ မိသားစုရဲ့မေတ္တာအပါအဝင် မိသားစုတွေရဲ့ ခံစားချက်တွေ၊ ပြည်သူလူထုရဲ့အမြင်ကို ရေးဖွဲ့ထားခြင်းဖြစ်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ပြည်သူလူထုအတွက်၊ တပ်မတော်အတွက်၊ တတ်စွမ်းသမျှသော နိုင်ငံတော်အတွက် အမျိုးသားရေး၊ ဘာသာရေး ဒီစိတ်ဓာတ်နဲ့ပဲ ကဗျာကောင်း ကဗျာမွန်တွေ ဖြစ်အောင် ရေးသားဖွဲ့ဆိုသွားပါမယ်။

ဘုန်းမောင်ဝင်း(ဖျာပုံ)
ကဗျာ(အလွတ်တန်း) ဒုတိယဆု

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ၊ ကဗျာ(အလွတ်တန်း)



ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်ထားတဲ့ကဗျာခေါင်းစဉ်ကတော့ "နေတစ်စင်းနှင့်ငွေလမင်းသို့ပမာ နိုင်ငံအတွက်သာ တပ်မတော်ပါ" ဖြစ်ပါတယ်။ ကဗျာခေါင်းစဉ်မှာပါတဲ့အတိုင်းပါပဲ။ နေမင်းကြီးဟာ နေ့အခါမှာ လူသားတွေကို အကျိုးပြုသလို လမင်းကြီးကလည်း ညအခါမှာ အကျိုးပြုပါတယ်။ အဲဒီဥပမာလိုပါပဲ။ မြန်မာ့တပ်မတော်ဆိုတာကလည်း မြန်မာနိုင်ငံနဲ့ ပြည်သူတွေအတွက် နေ့ရောညပါ အခါမလပ်အကျိုးပြုနေပါတယ်။ အဲဒီလိုတင်စားချက်နဲ့ ကဗျာကို ရေးထားတာဖြစ်ပါတယ်။ ကျွန်တော့်ကဗျာမှာတော့ တပ်မတော်ဟာ နိုင်ငံတော်မှာ အခက်အခဲနဲ့ကြုံရလေတိုင်း မားမားမတ်မတ်ရပ်တည်ပြီး နိုင်ငံတော်ကို ဦးဆောင်ခဲ့ရတဲ့အချိန်ကာလတွေ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေ ကဏ္ဍစုံမှာ တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့ရတဲ့အကြောင်းတွေ၊ နိုင်ငံတော်ပြိုကွဲရေး၊ ပျက်စီးရေးဦးတည်လုပ်ဆောင်နေတဲ့အဖျက်ရန်စွယ်အန္တရာယ်တွေကို ကာကွယ်တိုက်ဖျက်နေတဲ့ အကြောင်းတွေစုံလင်အောင်ရေးဖွဲ့ထားပါတယ်။ တပ်မတော်ဆိုတာ နိုင်ငံအတွက် အစဉ်အမြဲအင်အားတောင့်တင်းခိုင်မာစွာရှိနေရမှာဖြစ်ပါတယ်။ ဒီလိုဖြစ်နေဖို့အတွက် မျိုးဆက်သစ်တွေက ဆက်လက်ထိန်းသိမ်းကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ နိုင်ငံသားအားလုံးရဲ့ မွေးရာပါတာဝန်ပါ။ ဒီနိုင်ငံမှာနေတဲ့သူတိုင်း ဒီနိုင်ငံကိုကာကွယ်စောင့်ရှောက်ကြရမှာဖြစ်ပါတယ်။ ဒုတိယဆုရရှိတဲ့အတွက် အလွန်ပဲပျော်ရွှင်ကြည်နူးမိပါတယ်။ တပ်မတော်ကြီးလည်း နှစ်(၈၀) ပြည့်မှသည်နှစ်ပေါင်းထောင်သောင်းမကရှည်ကြာတည်တံ့၍ နိုင်ငံနှင့်လူမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက်နိုင်ပါစေ။

ရေနံ့သာမောင်ကျော်ညွှန့်
ကဗျာ(အလွတ်တန်း)စတုတ္ထဆု

ကဗျာအလွတ်တန်းပြိုင်ပွဲမှာ "ဖြတ်ကျော်လွှားရ ခရီးရှည်တပ်မတော်သား အလှ" ကဗျာအမည်နဲ့ ဆုရရှိတာဖြစ်ပါတယ်။ ဒီဆုကိုရရှိတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ နှစ်(၈၀)ပြည့် တပ်မတော်နေ့မှာ တပ်မတော်သားတွေအားလုံးကို ဂုဏ်ပြုတဲ့အနေနဲ့ ကဗျာကိုပါဝင်ယှဉ်ပြိုင်ဖြစ်တာပါ။ မြန်မာ့တပ်မတော်ကြီးအနေနဲ့ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး" ဆိုတဲ့ဒို့တာဝန်အရေးသုံးပါးကို ဦးလည်မသုန်၊ ဦးဆွေးဆံမြည့်၊ စွမ်းစွမ်းတမံ၊ ရဲရဲဝံ့ဝံ့ အသက်စွန့်ပြီးထမ်းဆောင်ပေးနေတာပါ။ မြန်မာ့တပ်မတော်အနေနဲ့ မြန်မာ့တပ်မတော်ရယ်လို့ နေလိုလလိုထွန်းလင်းပေါ်ပေါက်လာခဲ့တဲ့ ဘီအိုင်အေကစပြီး ယနေ့မျက်မှောက်ကာလအထိ ဖြတ်ကျော်လာခဲ့ရတာက ဖြောင့်ဖြောင့်ဖြူးဖြူးမဟုတ်ပါဘူး။ ဟန့်တားနေတဲ့ အကွေ့အကောက်တွေကြားမှာ ဖြတ်ကျော်ခဲ့ရတာပါ။ ချောချောမွေ့မွေ့လျှောက်လှမ်းကြရတာ



လည်း မဟုတ်ပါဘူး။ ဆူးငြောင့်ခလုတ်တံသင်းတွေဖြစ်တဲ့ အမှောင့်ပယောဂ အမျိုးမျိုးကြားမှာ ခဲရာခဲဆစ် မဆုတ်မနစ်လျှောက်လှမ်းခဲ့ရတာပါ။ မြန်မာ့တပ်မတော်အနေနဲ့ကြမ်းတမ်းတဲ့ခယောင်းလမ်းကို လျှောက်လှမ်းနေရပေမယ့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ငြိမ်းချမ်းတဲ့ပန်းခင်းလမ်းပေါ်လျှောက်လှမ်းနိုင်အောင် အသက်နဲ့ရင်းပြီး လမ်းခင်းပေးနေတာ အထင်အရှားပါ။ ဒါကြောင့်လည်း အစဉ်အလာကောင်းတဲ့ မြန်မာ့တပ်မတော်ရယ်လို့ မော်ကွန်းတင်နေတာပါပဲ။ အစဉ်အလာကောင်းတွေနဲ့ မော်ကွန်းတင်ကမွည်းထိုးပေးနိုင်ခဲ့တဲ့ မြန်မာ့တပ်မတော်ကြီးနဲ့ ခရီးရှည်ဖြတ်ကျော်လွှားနေရတဲ့(ကြည်း၊ ရေ၊ လေ) မြန်မာ့တပ်မတော်သားအားလုံးကိုဂုဏ်ယူလေးစားမှုနဲ့အတူ-

"အောင်တေးသီ အောင်သံကျူးလို့
အောင်လံမြူး အောင်ပန်းဝေ
အောင်မှုဆောင်နေ၊
အောင်ကမ္ဘည်းရယ်နဲ့
အောင်ခရီး အောင်စည်ဝေ
အောင်ပြီလေ အောင်အပေါင်း။"

အောင်တပ်မတော် အောင်ဇေယျတုရယ်လို့ အောင်ဆုမွန်တောင်းအပ်ပါတယ်ခင်ဗျာ ။

ညိမ်းညို
ဝတ္ထုရှည် (အလွတ်တန်း) စတုတ္ထဆု



"လွမ်းရစ်စေသူ" စာမူနဲ့ ဝတ္ထုရှည်(အလွတ်တန်း)အဆင့်မှာ စတုတ္ထဆုရရှိခဲ့ပါတယ်။ တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုစာမူပြိုင်ပွဲတွေမှာ ဝတ္ထုရှည် ဘာသာရပ်နဲ့ လေးကြိမ်မြောက် ဆုရရှိတာဖြစ်ပါတယ်။ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်မှာ ဒီဆုကိုရရှိတဲ့အတွက် ပိုပြီး အမှတ်တရဝမ်းသာပီတိဖြစ်မိပါတယ်။ ခြေလျင်တပ်ရင်းတစ်ရင်းက အရာရှိငယ်တစ်ဦးနဲ့ သူ့ရဲဘော်ရဲဘက်တွေအကြောင်း၊ တကယ့်မြေပြင်ကစရိုက်သဘာဝတွေ၊ အရိပ်အငွေ့တွေနဲ့ အတတ်နိုင်ဆုံးနီးစပ်တူညီမှုရှိအောင် ဖော်ကျူးရေးဖွဲ့ထားပါတယ်။ ဥစ္စာဓနပြည့်စုံကြွယ်ဝတဲ့၊ ဆွေဂုဏ်မျိုးဂုဏ်တောင့်တင်းတဲ့၊ ပညာရည်မြင့်မားတဲ့အသိုင်းအဝိုင်းမှာ ကြီးပြင်းလာရတဲ့ လူငယ်လေးတစ်ယောက်ဟာ နိုင်ငံနဲ့လူမျိုးအတွက် ခြေလျင်စစ်သားတစ်ယောက်ရဲ့ဘဝကို ရဲဘော်တွေနဲ့အတူ ဒေါင်ကျကျပြားကျကျနေထိုင်ဖြတ်သန်းသွားတဲ့ လွမ်းရစ်စေသူ အရာရှိငယ်တစ်ယောက်အကြောင်းရေးဖွဲ့ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ဘဝတစ်လွှေ့မှာ တကယ့်ကို ကိုယ်ကျိုးမဖက်စွန့်လွှတ်စွန့်စားခဲ့ကြတဲ့ လွမ်းရစ်စေသူတွေကို နှမြောတသဖွယ်ကြုံတွေ့ခဲ့ရပါတယ်။ နောင်နှစ်ပြိုင်ပွဲတွေမှာလည်း ဝတ္ထုတွေဆက်လက်ရေးဖွဲ့ဖြစ်နေဦးမှာပါ။ ကျေးဇူးတင်ပါတယ်။

ရွှေဖြိုး(မြဝတီ)၊ လဲ့ရည်လှိုင်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင်စစ်သည်၊ စစ်သမီးများ၏ **"ပန်းသုံးပွင့်၏အဘိဓမ္မာ"** ပြဇာတ် တင်ဆက်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် စစ်သည်၊ စစ်သမီးများကို အမှတ်တရဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။



နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးရုပ်တုများကို မီးအလှအပများဖြင့် လှပစွာ ဂုဏ်ပြုပုံဖော်ထွန်းညှိထားရှိမှုကိုတွေ့ရစဉ်။





နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများပစ်ဖောက်နေမှုကိုတွေ့ရစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

ရုရှားတပ်မတော် သံစုံတီးဝိုင်းအဖွဲ့မှ အနုပညာရှင်များက မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေမည့်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

အကြိုဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကာ အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဇေယျာသီရိဗိမာန်သဘင်ဆောင်အတွင်း၌ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင် စစ်သည်၊ စစ်သမီးများ၏ **"ပန်းသုံးပွင့်၏အဘိဓမ္မာ"** ပြဇာတ်တင်ဆက်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

နှစ်(၈၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအဝင် လမ်းမကြီးတစ်လျှောက်တွင် တပ်မတော်ရေယာဉ်၊ ရဟတ်ယာဉ်များ၊ သံချပ်ကာယာဉ်များ၏ ပုံသဏ္ဌာန်များ၊ ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးရုပ်တုများကို မီးအလှအပများဖြင့် လှပစွာဂုဏ်ပြုပုံဖော်ထွန်းညှိထားရှိခြင်းနှင့် တပ်မတော်နေ့ အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်လာကြသူများက စိတ်ချမ်းမြေ့ကြည်နူးစွာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့်အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညွှန့်ဦးကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားအငြိမ်းစားသံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယာတွဲ ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟို အကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ရုရှားတပ်မတော်သံစုံတီးဝိုင်းအဖွဲ့မှ အနုပညာရှင်များ၏ မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေမည့်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဇာတ်လမ်းတွင်ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်သဘင်ဂီတအစည်းအရုံးနှင့် သေနင်္ဂဗျူဟာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေး တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီ နှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အနုပညာရှင်များ၊ **စာမျက်နှာ ၁၅ သို့** ★



နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Pre-dinner reception held in commemoration of 80th Anniversary of Armed Forces Day



Entertainment at the 80th Anniversary Eve Armed Forces Day dinner is in progress.

NAY PYI TAW March 26

A pre-dinner reception ceremony was held this evening at the Zeyathiri Beikman Outdoor Ground in Nay Pyi Taw to mark the 80th Anniversary of Armed Forces Day. The event was hosted by Senior General Min Aung Hlaing, Chairman of the State Administration Council Commander-in-Chief of Defence Services, and his wife Daw Kyu Kyu Hla.



Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing toasts with a foreign distinguished guest at the 80th Anniversary Eve Armed Forces Day dinner.

As the ceremony commenced, a fireworks display lit up the sky, launched from the Armed Forces Day military parade ground and the Bayintnaung Pavilion in honor of the 80th Anniversary of Armed Forces Day.

Senior General Min Aung Hlaing and wife Daw Kyu Kyu Hla extended a warm welcome to the distinguished guests in attendance. Among them were Colonel General Alexander Vasilyevich Fomin, Deputy Minister of Defence of the Russian Federation, along with his delegation, and Vice-Senior General Soe Win, Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) and wife Daw Than Than Nwe, Chief of the General Staff (Army, Navy and Air) General Kyaw Swa Lin and wife, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Aung and wife, SAC Secretary and wife, SAC Joint Secretary and wife, SAC members and wives, Union level dignitaries, Union ministers and wives, senior military officers from the Office of the Commander-in-Chief and their wives, families of the Thirty Comrades, families of the retired Commander-in-Chiefs, retired senior officers of the Tatmadaw (Army, Navy and Air), Independence Mawgunwin awardees, advisors, and deputy ministers, retired military personnel ambassadors, Nay Pyi Taw Council members, military attachés and officials from foreign military attachés offices, representatives from ethnic armed organizations signatory to the Nationwide Ceasefire Agreement (NCA), political party leaders and officials, family members and relatives of Aung San Thuriya title recipients, officers and soldiers who have received the Thiha Thura, Thura, and other Tatmadaw gallantry medals along with their family members and relatives, officers and soldiers who were awarded with the Brave Heroism Commemorative Badges, their family members and relatives, members of the Myanmar War Veterans Organization, transformed people's militias, local people's militias, central border guard advisory and supervisory

See Page - 19 ●●



Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and party cordially greet foreign guests to the 80th Anniversary Eve Armed Forces Day dinner.

●● From Page - 18

committees, Myanmar Police Force, Fire Brigade, officials and staff from various ministries, officials from YMBA, Myanmar Women's Affairs Federation, Myanmar Maternal and Children Welfare Association, officials from the Central Committee of the Interfaith Unity Association, artists who participated in the Armed Forces Day commemorative drama, winners of military march song competitions, soldier songs, poetry, short story and novel contests, representatives from the News Media Council, the Motion Picture, Music and Theater Association, and the Strategic Studies Group, members of university training corps, teachers and students from the Ethnic Development University, and specially invited guests.

Throughout the evening, performances by the Myawady Music Troupe under the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army), artists from the Myanmar Police Force, and the Russian Armed Forces Band entertained attendees with patriotic songs.



Chairman of the State Administration Council Commander-in-Cheif of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla warmly greet attendees to the 80th Anniversary Eve Armed Forces Day dinner.



The 80th Anniversary Eve Armed Forces Day dinner is in progress.

After the dinner, the Senior General and accompanying officials warmly greeted the attendees and observed a fireworks display commemorating the event's success.

Senior General Min Aung Hlaing, along with his wife, Daw Kyu Kyu Hla, and other attendees, watched a performance of **"Divine Words of the Three Flowers"** presented by servicemen and servicewomen, under the Directorate of Public Relations and Psychological Warfare at Zeyathiri Beikman Thabin Hall.

After the performance, the Senior General and his wife presented commemorative flower baskets to the performers, and warmly greeted the attendees.

In commemoration of the 80th Anniversary of Armed Forces Day, statues of military vessels, helicopters, armored vehicles, and the three kings who founded the First, Second, and Third Myanmar Empires were beautifully illuminated along the main road leading to the Office of the Commander-in-Chief (Army). It is reported that attendees of the dinner watched the display with great enjoyment.

100

ChaungU Township finishes cultivation of peanut on more than 5,000 acres of croplands

CHAUNGU March 26

The statistics of ChaungU Township Agriculture Department stated that a total of 5,415 acres of peanut has been planted in the township of Sagaing Region this year.

Local farmers grew 5,415 acres of peanut against the target of 6,900 acres of crops in ChaungU Township, starting from October this year.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department commented: "Local authorities earmarked 5,900 acres of peanut this cold season, 5,415 acres of which has been planted by local farmers. Our department helps local farmers grow crops meeting the target. Peanut plantations are thriving in the township. Sown acreage of peanut is on the rise year by year.

Farmers use 1.5 baskets of peanut seeds per acre and cost more than Ks-200,000 per acre of peanut for quality seeds, labour charge, fertilizers and pesticides. The crops yield more than 50 baskets per acre.

This year, officials of the Township Agriculture Department make field trips to the peanut plantations for thriving of crops, prevention of pests, and removal of weeds.

SK

More than 500 acres of vegetables planted in Kyunhla Township

KYUNHLA March 26

Local farmers have planted 561 acres of vegetables as cold season crops in Kyunhla Township of Sagaing Region this year, according to the statistics of Kyunhla Township Agriculture Department.

In 2024-2025 cold season,local authorities set a plan to grow 577 acres of vegetables in Kyunhla Township but farmers have so far planted 561 acres of vegetables against the target cultivation.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department, disclosed: "This year, we earmark to grow 577 acres of vegetables in Kyunhla Township but farmers have so far planted 561 acres of crops. They grow mustard, chilli, spicy, potato, cabbage, eggplant, ladyfinger, cauliflowers and Chinese cabbage as well as cannabis. We share agricultural techniques with local farmers to grow crops in GAP system. Only when they grow crops in GAPs will vegetables be healthy for public consumption with least chemical residue."

Township Agriculture Department conduct training courses for local farmers and staff from the department to enhance their capacity for growing vegetable crops to be able to produce healthy crops for public consumption and expand sown acreage of crops.

Local farmers earn increased incomes from their vegetable plantations which are thriving in the township. Officials of the Township Agriculture Department disseminate techniques about making natural fertilizers and pesticides as well as ways of preventing pests.

SMK

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla lead families of Tatmadaw (Army, Navy and Air) in paying respects to retired senior military officers, who will attend the 80th Anniversary of Armed Forces Day

NAY PYI TAW March 26

A ceremony to pay respects to retired senior military officers, who will attend the 80th Anniversary of Armed Forces Day Parade on 27 March, by families of Tatmadaw (Army, Navy and Air) was held at Zeyathiri Beikman Hall, here this afternoon.

Present were a total of 15 retired senior military officers and six spouses, to whom the respects will be paid, and led by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, and senior military officers from the Office of the Commander-in-Chief (Army, Navy and Air) and wives attended the ceremony and paid respects to them.

Speaking on the occasion, the Senior General said in accord with the tradition of the Tatmadaw, the Senior General and all in-service military personnel are the ones, who are discharging the duties handed down to them, and the retired senior military officers at the ceremony are their mentors, who can be called their parents. Since the country regained independence, all the soldiers are safeguarding the country with the traditional belief "the Tatmadaw must be for the country." As Tatmadaw is a part of the country, Tatmadaw members are also a part of the people. In this regard they must service the interest of the nation and people. The foundation of this conviction is nurtured and handed down by the senior military officers of the past successive periods. **As the Tatmadaw has passed through various situations, it has faced a number of different systems throughout the different eras and for many times, it has driven out all external and internal enemies that were trying to destroy the country. In addition, the Tatmadaw is safeguarding the race, literature, religion and culture, apart from defending the country from external intrusion and ending internal armed conflicts.** Taking the past experience as lessons, soldiers must do their best in discharging duties.

The Tatmadaw is assuming the responsibilities of the State in accord with the 2008 Constitution. It will hold a free and fair multi-party democracy general election at the end of the current year and will systematically transfer the State responsibilities to the political party that wins the election. It is exercising restraint in strengthening the multi-party democracy system, and protecting national solidarity and the Union from disintegration in accord with the law. It will serve the interest of the nation and people steadfastly, and will also strive to maintain as the Tatmadaw on which the people and the nation can rely.

We are thankful to see retired senior military officers attend the respect-paying ceremony on the occasion of Armed Forces Day. **It is a fine tradition of the Tatmadaw to pay respects to retired senior military officers in accordance with Buddhist traditions in appreciation of the gratitude between seniors and juniors.** We are willing to accept the advice of retired senior military officers.



Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing presents a commemorative gift to a retired senior military officer.

Then, the Senior General and wife and senior military officers and their wives paid respects to retired senior military officers in accordance with Myanmar traditions.

Afterward, General Thein Sein and Lt-Gen Aung Htwe, on behalf of retired senior military officers, said it is a proud tradition of the Tatmadaw to pay respects to retired senior military officers and their wives every year. **We appreciate that the Tatmadaw is exerting efforts day and night not only for the affairs of the Tatmadaw but also for the country's affairs and socio-economic development of the people under the leadership of the Senior General.** Tatmadaw personnel are performing national security and defence duties day and night. **The Tatmadaw is an armed force that has a fine tradition of safeguarding the union resided by national races and sovereignty and eliminating domestic and foreign enemies in successive eras. As the country will be strong only when the Tatmadaw is strong, fine historical traditions must be preserved and efforts must be made to enhance its capabilities.** In nation building, it is important that the Tatmadaw is strong. Faced with hardship and crises, continued efforts must be made to overcome them. We wish all Tatmadaw personnel and their families led by the Senior General peace of mind and good health. The retired senior military officers also gave other advice.

Then, the Senior General and wife, the Vice-Senior General and wife and senior military officers and their wives presented gifts to retired senior military officers and their wives respectfully.

Afterward, the Senior General and senior military officers posed for documentary photographs together with retired senior military officers and their wives.

Then, the Senior General and wife cordially greeted retired senior military officers and their wives at the ceremony.

100

KhinU Township harvests over 98,000 acres of rainfed paddy

KHINU March 26

A total of 98,714 acres of paddy planted during the rainy season have been harvested in KhinU Township, Shwebo District, Sagaing Region, according to the Department of Agriculture for KhinU Township.

KhinU Township has completed the harvesting of 98,714 acres of paddy planted during the rainy season last year, and the paddy fields have been harvested since November 2024. So far, 98,714 acres have been harvested, with an output of 81.12 baskets per acre.

"The necessary technology and varieties are being provided. Farmers have been provided with field assistance to plant paddy on time," said U Nay Win Naing, head of the Department of Agriculture for KhinU Township.

The relevant township agriculture department and local farmers have been working together to ensure that paddy is planted systematically without any difficulties during the rainy season this year.

The department offered agricultural technology, pest prevention education, crop protection strategies, and guidance on the timely storage of harvested rice under shelter to farmers in KhinU Township.

SMK

SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing, his wife Daw Kyu Kyu Hla greet retired senior military officers and their wives who will attend 80th Anniversary of the Armed Forces Day Parade



Senior General Min Aung Hlaing having a cordial conversation with a retired senior military officer.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla cordially converse with a retired senior military officer and wife.

NAY PYI TAW March 26

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla greeted retired senior military officers who served duties at the military and their wives at Bayintnaung Villa in Nay Pyi Taw this morning. Those retired senior military officers and their wives will attend the parade of the 80th Anniversary of the Armed Forces Day which will fall on 27 March 2025.

On the occasion, the Senior General and his wife cordially asked those retired senior military officers and their wives about health and social needs individually and fulfilled their requirements.

At the meetings, the Senior General talked about maintaining the fine traditions of the Tatmadaw, efforts to enhance capability and power of the Tatmadaw, paying gratitude to them for attending the Armed Forces Day Parade, emphasis being placed by the Tatmadaw on peace and stability of the State, efforts to overall development of the nation by the State Administration Council, enhancement of education to promote the national education standard, and encouragement for non-formal education in addition to the formal education and library measures. The retired senior military officers expressed their thanks to the Senior General for having chances to attend the Armed Forces Day Parade, their recognition over and endeavours of the Senior General in discharging State duties without weaknesses, and making their wishes for the Senior General to further serve the interests of the State and ensure peace, stability and overall development of the nation, and gave other advice.

100



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla cordially converse with a retired senior military officer and wife.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla meet a retired senior military officer and wife.

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နှစ်(၈၀)ပြည့်တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ရောက်ရှိ



နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ရန် ရောက်ရှိလာသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ရန် ရောက်ရှိလာသည့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နေပြည်တော် မတ် ၂၆

၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ကျရောက်သည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အလားတူ ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ရန် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ သင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန် မတ် ၂၆

အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၆)သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၇ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား အမျိုးသားရေးအမြင်ရရှိရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေရေးတို့အတွက် လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် သက်ဆိုင်ရာပညာရပ်များကို အခြေခံအားဖြင့် နားလည်သဘောပေါက်ပြီး စည်းကမ်းနှင့်ကိုယ်ကျင့်သိက္ခာကို စောင့်သိထိန်းသိမ်းတတ်သော ဝန်ထမ်းကောင်းများဖြစ်လာစေရန်ရည်ရွယ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း မှာကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်မှ မတ်လ ၂၆ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၆၆ ဦး၊ သင်တန်းသူ ၂၄ ဦး တက်ရောက်ခဲ့ကြသည်။

ထို့အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကေတုမတီခန်းမ၌ကျင်းပသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းအမှတ်စဉ်(၁၁)နှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၆)သင်တန်းဆင်းပွဲသို့ တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများနှင့် အဆင့်မြင့်အရာထမ်းများအနေဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အတွေးသစ်၊ အမြင်သစ်များနှင့်ပေါင်းစပ်ပြီး အမျိုးသားအကျိုးစီးပွားအတွက် လိုက်ပါပြောင်းလဲဆောင်ရွက်ကြရန်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးဖြစ်စဉ်များကို စဉ်ဆက်မပြတ်လေ့လာကြပြီး ဝန်ထမ်းများ၏စံပြပုဂ္ဂိုလ်အဖြစ် ပြုမူနေထိုင်ကြရန်၊ ပေးအပ်ထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျမြန်ဆန်စွာ ဝန်ဆောင်မှုပေးကြရန် လိုကြောင်းမှာကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းအမှတ်စဉ်(၁၁)သို့ သင်တန်းသား ၁၆ ဦး၊ သင်တန်းသူလေးဦး စုစုပေါင်း ၂၀ နှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၆)သို့ သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၂၄ ဦး စုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဇန်နဝါရီလ ၂၇ ရက်မှ မတ်လ ၂၆ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

(၅၀၀)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၃-၂၀၂၅ (ကြာသပတေးနေ့)

၁။ ဝ၆:၀၀ နိုင်ငံတော်သီချင်း
၂။ ဝ၈:၀၀ သုတရသစုံလင်ဗဟုသုတပုံပြင်
၃။ ဝ၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆။ ၁၂:၀၀ မွေးမြူသုတ
၇။ ၁၃:၀၀ သာယာသီကြွေခေတ်ဆန်းတေး
၈။ ၁၄:၀၀ ပန်းပေါင်းစုံစွာအနုပညာ
၉။ ၁၅:၀၀ ဇာတ်လမ်းတို
၁၀။ ၁၆:၀၀ စာပေနှင့်အနုပညာသတင်း
၁၁။ ၁၇:၀၀ လူသားနှင့်ဆိုက်ဘာအန္တရာယ်
၁၂။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း သစ္စာမျိုးဆက် အပိုင်း(၈) ဇာတ်သိမ်းပိုင်း**

သရုပ်ဆောင် – ခန့်စည်သူ၊ ကျော်ဇော်ဟိန်း၊ အောင်ပိုင်၊ မေသဏ္ဌာဦး၊ ဆုပန်ထွာ၊ မုန်း ဒါရိုက်တာ – အကယ်ဒမီ တင်အောင်စိုး(ပန်းမြို့တော်)

စီးပွားဖြစ်ဘဲမွေးမြူမည်ဆိုပါလျှင်

ကိုကျော်စွာ(ကျိုက်ပိ)

စာရေးသူတို့နိုင်ငံ၏အသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ၏စားနပ်ရိက္ခာဖူလုံစေရန် မွေးမြူရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်သင့်သည်။ ယခုအခါ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍအသီးသီးအနက် ဥစားဘဲမွေးမြူရေးကဏ္ဍသည် လည်းတစ်ခုအပါအဝင်ဖြစ်သည်။ ဥစားဘဲမွေးမြူရေးသည် အခြားသောမွေးမြူရေးလုပ်ငန်းများကဲ့သို့ပင် အကျိုးအမြတ်ရနိုင်သော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ဘဲမွေးမြူခြင်းသည် ဥကိုထုတ်ယူနိုင်သလို အသားကိုလည်းထုတ်ယူနိုင်သောမွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်။ အထူးသဖြင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါသောဒေသများ၌မွေးမြူပါကပိုသင့်လျော်သည်။

ဘဲများကို ကုန်းနေ၊ ရေနေသတ္တဝါဟုပင်ဆိုရပေလိမ့်မည်။ ဘဲမွေးမြူခြင်းနှင့်ကြက်မွေးမြူခြင်းကကွာခြားမှုသိပ်မရှိလှပေ။ ကြက်သည် ခြောက်သွေ့သောနေရာကိုဖန်တီးပေးရသည်။ ဘဲက ရေနှင့်မကင်းသဖြင့် ရေနှင့်ကုန်းစပ်လျက်ရှိသောနေရာများ၌မွေးမြူကြရသည်။ ဘဲမွေးရာတွင် အများအားဖြင့် ဥစားဘဲကိုသာမွေးမြူလေ့ရှိကြသည်။ ဘဲများသည် ရေပျော်သတ္တဝါဖြစ်သော်လည်း ရေထဲမှာချည်းတာရှည်မနေကြပေ။

အထူးသဖြင့် ဥဥခါနီးအချိန်တွင် ကုန်းပေါ်သို့မကြာခဏတက်၍ အပူဓာတ်ကိုယူကြသည်။ အပူဓာတ်ဆိုသည်မှာ နေရောင်ခြည်ကိုဆိုလိုခြင်းဖြစ်သည်။ နေရောင်ခြည်မှ ဗီတာမင်ဒီဓာတ်ကိုရရှိပြီး ထိုအပူရှိန်ကောင်းကောင်းရမှဃာဥကောင်းစွာဥကြသည်၊ ထိုကဲ့သို့ဥကောင်းကောင်းဥအောင် ပတ်ဝန်းကျင်ကိုဖန်တီးပေးရသည်။

ဘဲမွေးမြူရာတွင် အခြားသောတိရစ္ဆာန်များကဲ့သို့ ဘဲခြံကိုအထွေအထူးဆောက်စရာမလိုပေ။ဘဲများညဘက်အိပ်စက်ရန် မွေးမြူသည့် အကောင်အရေအတွက်အလိုက် အကောင်ရေဝင်ဆံ့နိုင်မည့်ခြံမျိုးကို ဆောက်လုပ်ပေးရသည်၊ ဘဲခြံကို လေကောင်းလေသန့်ရအောင်၊ လေဝင်လေထွက်ကောင်းအောင်ပြုလုပ်ပေးထားရသည်။ ထို့ပြင် သတိပြုရမည့် အချက်မှာ ခြံအတွင်းဘဲများလွတ်လပ်စွာသွားလာနိုင်စေရန်စီမံပေးရမည်။ ဘဲခြံသေးသေးအတွင်း ဘဲအကောင်ရေများများမထည့်သင့်ပါ။ ဘဲမွေးမြူရာတွင် နေရာ၊ ရာသီဥတုကိုဂရုစိုက်ဖို့လည်းလိုသည်။ ကျေးလက်ဒေသများတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ လယ်ကွင်းများ၌ လွတ်ကျောင်းမွေးမြူကြသည်။ ထိုအခါ ကျေးလက်ဒေသအခေါ် ကွင်းစာရရှိသဖြင့် အစာလျှော့ကျွေးနိုင်သောကြောင့်အစာစရိတ်လည်းသက်သာသည်။ သို့သော်လွတ်ကျောင်းမွေးမြူခြင်းစနစ်သည် တစ်နိုင်တစ်ပိုင်အတွက်သာသင့်လျော်သည်။ စီးပွားဖြစ်အများအပြားမွေးမြူမည်ဆိုပါကနည်းစနစ်မှန်မှန်မွေးမြူမှသာအောင်မြင်မည်ဖြစ်သည်။

ဘဲမျိုးများနှင့်ပုံသဏ္ဌာန်

ဘဲအမျိုးများစွာရှိကြောင်းသိရသည်။ သို့သော်မြန်မာနိုင်ငံ၌ ဘဲမွေးမြူမည့်သူများအနေဖြင့် မိမိနိုင်ငံ၏ရာသီဥတုနှင့်ကိုက်ညီသည့် ဘဲမျိုးကိုသာ ရွေးချယ်မွေးမြူသင့်ပေသည်။ ဘဲမွေးမြူခြင်းကို အခြေခံအားဖြင့် ဥစားဘဲနှင့်အသားစားဘဲဟုနှစ်မျိုးခွဲခြားထားသည်။ ဥစားဘဲတွင် မွေးမြူနှုန်းများသည့်ဘဲမျိုးမှာ အိန္ဒိယပြေးဘဲ(Indian Runner Duck)နှင့် ကာကီကမ်ဘဲလ်ဘဲ(Khaki Campbell Duck)တို့ဖြစ်သည်။ အိန္ဒိယပြေးဘဲသည် ကိုယ်ထည်မတ်သည်။ ခြေထောက်မှာ နောက်ပိုင်းကျကျရှိတတ်သည်။ အမွေးအတောင်သပ်ရပ်ပြီး လျင်မြန်သွက်လက်သည်။ ရင်ညွန့်ပြားသည်။ အမြီးပိုင်းဘက်သို့ချွန်သွားသည်။ လည်ပင်းမတ်၍ ရှည်သွယ်သည်။ အတောင်ကအနည်းငယ်တိုပြီး ပေါင်တံရှည်၍သန်မာသည်။ အရောင်အားဖြင့် ဝါညိုရောင် သို့မဟုတ် အညိုဖျော့ဖျော့ရှိတတ်သည်။ ပျမ်းမျှကိုယ်အလေးချိန်မှာ အထီးဆိုလျှင် ၁ ပိဿာခွဲရှိတတ်ပြီး အမဆိုလျှင် ၁ ပိဿာ ၂၅ကျပ်သားခန့်အထိရှိတတ်သည်။

ကာကီကမ်ဘဲလ်ဘဲမျိုးမှာ အိန္ဒိယပြေးဘဲထက်ဥနှုန်းပိုကောင်းသည်။ ဥစားဘဲမွေးမည်ဆိုလျှင်ကာကီကမ်ဘဲလ်ဘဲမျိုးကိုမွေးမြူသင့်သည်။ အကောင်ပိုကြီးသည်။ ကိုယ်ထည်အထက်အောက်အနည်းငယ်ပြားသည်။ နှုတ်သီးဖြောင့်တန်းနေပြီး မျက်နှာမှာပြည့်ဖြိုးသည်။ အရောင်မှာ ကိုယ်အထက်ပိုင်းက ကာကီရောင်ရှိပြီး အမြီးအတောင်၊ ဦးခေါင်း၊ လည်ပင်းတို့တွင် ခပ်စိမ်းစိမ်းနှင့်ညိုတိုတိုရှိသည်။ နှုတ်သီးမှာ အနက် သို့မဟုတ် အစိမ်းရင့်ရောင်ရှိတတ်သည်။ ခြေထောက်ဖျားမှာ လိမ္မော်ရောင်ရှိသည်။အလေးချိန်အားဖြင့် အထီးသည် ၁ ပိဿာခွဲ၊ အမမှာ ၁ ပိဿာ ၂၅ ကျပ်သားခန့်ရှိတတ်သည်။

ဥစားဘဲမွေးမြူခြင်း

ဘဲစတင်မွေးမြူမည်ဆိုလျှင်မွေးမြူနည်းနှစ်နည်းရှိသည်။ ပထမနည်းမှာ ဘဲငယ်ကလေးမှစ၍မွေးမြူနည်း၊ ဒုတိယနည်းမှာ အရွယ်ရောက်ပြီး ဘဲကိုမွေးမြူနည်းတို့ဖြစ်သည်။ ထိုနည်းနှစ်နည်းမှ မည်သည့်နည်းဖြင့် မွေးမွေး အဦးဆုံးဘဲအကောင်ရေနှင့်ကိုက်ညီသောဘဲခြံကို ဦးစွာတည်ဆောက်ရသည်။ ဘဲငယ်များကိုဝယ်ယူမွေးမြူလျှင်ပေါက်ခါစရက်သားဘဲငယ်များကိုဝယ်ယူ၍ဖြစ်စေ၊ ကိုယ်တိုင်အကောင်ဖောက်၍ဖြစ်စေမွေးမြူနိုင်သည်။ ကိုယ်တိုင်အကောင်ဖောက်မည်ဆိုလျှင်ဖောက်ဘဲဥဝယ်ယူရာတွင် အကောင်ပေါက်နိုင်သောဥဖြစ်အောင်ရွေးချယ်ရမည်။ အကောင်ပေါက်မည့်ဥများသည် ရက်သတ္တနှစ်ပတ်အတွင်း အရောင်အသွေးပြောင်းလာတတ်သည်။ အကောင်မပေါက်သောလေဥဆိုပါက

ဘဲအတွက်လိုအပ်သောအာဟာရဓာတ်များ

ဘဲသည်လွတ်ကျောင်းရသောသတ္တဝါဖြစ်သည့်အတွက် အစာပေါသောဒေသများဆိုလျှင် အပြင်စာရသဖြင့် အိမ်စာလျှော့ကျွေးနိုင်သည်။ သို့သော်လွတ်ကျောင်းကွင်းမရှိသောနေရာမျိုးဆိုလျှင်အိမ်စာကိုသာအဓိကထားကျွေးရသည်။ ဘဲငယ်များကိုမွေးသူများအနေဖြင့် နေ့စဉ်အစာပုံမှန်ကျွေးပေးဖို့လိုအပ်သည်၊ ဘဲငယ်များကို ခြောက်လမတိုင်မီအထိ အစာကိုစနစ်တကျကျွေးပေးရသည်။ ခြောက်လကျော်မှာ ကွင်းစာကို သို့မဟုတ် မြစ်၊ ချောင်း၊ အင်း၊ အိုင်များမှ သဘာဝအစာကိုရှာဖွေစားသောက်ကြသည်။ ဥစားဘဲများသည် ဥကိုအဓိကထုတ်ယူသည့်အတွက် အစာကျွေးခြင်းသည် အလွန်အရေးပါသည်။ ဥစားဘဲကိုစီးပွားဖြစ်မွေးမြူသူများအနေဖြင့် ဥစားဘဲများအစာကောင်းကောင်းရရှိရေးကိုအထူးဂရုပြုရမည်။ အာဟာရပြည့်မှသာ ဥအထွက်နှုန်းကောင်းပေလိမ့်မည်။



အရောင်အသွေးမပြောင်းတော့ပေ။ လေဥနှင့်အကောင်ပေါက်မည့်ဥကိုမည်သို့သိနိုင်မည်နည်းဆိုလျှင် လေဥများကို ကိုင်ကြည့်ပါက အလွန်ပေါ့နေတတ်သည်။ တချို့က အကောင်ဖောက်မည့်ဘဲဥများကို ကြက်ဝပ်ကျင်းအတွင်းထည့်၍အကောင်ဖောက်ကြသည်။ ဤနည်းက တစ်နိုင်တစ်ပိုင်မွေးမြူသူများအတွက်သာအဆင်ပြေသည်။

ဘဲကိုတချို့ကအကောင်ငယ်များကိုဝယ်ယူ၍ စနစ်တကျအစာကျွေး၊ လွတ်ကျောင်းခြင်းဖြင့်မွေးမြူကြသည်။ အကောင်ငယ်ဝယ်ယူမွေးမြူခြင်းသည် ဘဲဝယ်ယူရာတွင် ကုန်ကျစရိတ်သက်သာသော်လည်း ဘဲပျိုအရွယ်ရောက်ပြီးဥသည်အထိအစာကျွေးထားရသည်။ ထို့ပြင် အကောင်ကလေးများသည် အထိအခိုက်မခံဘဲအသေအပျောက်လည်းများသည်။ တချို့က ဘဲပျိုများကိုအသင့်ဝယ်ယူ၍မွေးမြူကြသည်။ ဘဲပျိုဆိုသည်မှာ ဥဥခါနီးအရွယ်ရောက်ပြီးဖြစ်သည့် ဘဲကိုဆိုလိုသည်။ တစ်ကောင်ချင်းစျေးနှုန်းမြင့်သည်။ ယခင်ကတစ်ကောင်ကို ငွေကျပ် ၅၀၀၀ ခန့်ရှိသည်။ ဘဲပျိုမှဥအကုန်ထုတ်ယူနိုင်သည်။ ဘဲသည်ဥလှိုင်လှိုင်ဥပြီးနောက် ဥနှုန်းကျသွားတတ်သည်။ အထူးသဖြင့်နွေရာသီလိုအခါမျိုးဖြစ်သည်။ ထိုအခါအမွေးအတောင်များကျွတ်လာတတ်သည်။ ထို့ဖြစ်စဉ်ကို ဘဲမွေးသူများက အတောင်ချသည်ဟုပြောကြသည်။ ထိုအခါဥနှုန်းကျသွားသည်။ ထိုဘဲမျိုးကိုတစ်တောင်ကျဘဲဟုလည်းခေါ်ကြသည်။ တချို့ကတစ်တောင်ကျဘဲကိုဝယ်၍မွေးကြသည်။ တစ်တောင်ကျဘဲသည် ဥတစ်ခါထုတ်ယူပြီးသောဘဲမျိုးဖြစ်သည်။ ဤဘဲမျိုးကိုတစ်နိုင်မွေးမြူသူများသာဝယ်ယူမွေးမြူလေ့ရှိကြသည်။ စီးပွားဖြစ်မွေးမြူမည်ဆိုပါက ဥမထုတ်ရသေးသည့် ဘဲပျိုများကိုသာ ဝယ်ယူမွေးမြူသင့်သည်။ သို့မှသာ ဘဲဥကိုအကုန်ထုတ်ယူနိုင်မည်ဖြစ်သည်။ စီးပွားဖြစ်မွေးမြူသူများက ဘဲခြံခပ်ကြီးကြီးဆောက်၍ အကောင်ထောင်ချီထည့်ပြီးမွေးမြူလေ့ရှိကြသည်။ စာရေးသူအသိတစ်ယောက်ဆိုလျှင် ဘဲအကောင် ၂၀၀၀ ခန့်မွေးထားသည်။ ဘဲမွေးမြူပြီး နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် လွှတ်ကျောင်းလေ့ရှိသည်။ ဘဲကျောင်းသူနှင့် ဘဲများယဉ်ပါးမှုရှိဖို့လည်းလိုသည်။ယဉ်ပါးမှုရှိအောင်လည်းပြုလုပ်ထားရသည်။

ထို့ပြင် စံချိန်မီသောဥများကိုထုတ်ယူနိုင်မည်ဖြစ်သည်။အာဟာရပြည့်ဝစွာစားရသောဘဲမှဥသည့်ဘဲဥသည်အလေးချိန်စီးသည်။

တစ်နိုင်တစ်ပိုင်မွေးသူများက ဘဲကိုလွတ်ကျောင်းထားခြင်းဖြင့် အစာသီးသန့်ကျွေးစရာမလိုသော်လည်း စီးပွားဖြစ်မွေးမြူသူများအနေဖြင့်ထိုသို့ပြုလုပ်၍မရပေ။ ဘဲစာကိုစနစ်တကျဖြင့် အာဟာရဓာတ်အချိုးကျပါဝင်အောင်ကျွေးပေးရန်လိုသည်။ ဘဲစာပြုလုပ်ရာတွင် ပရိုတင်းဓာတ်၊ ဗီတာမင်ဓာတ်သတ္တုဓာတ်များပါဝင်ဖို့လိုသည်။ သို့သော် ဘဲအရွယ်အစားကိုလိုက်၍ ပါဝင်သည့်အာဟာရဓာတ်နှုန်းတော့မတူပေ။ဘဲငယ်ကလေးများဆိုလျှင် အစာနုအစို သို့မဟုတ် အခြောက်ကို တစ်နေ့လေးကြိမ်မှ ခြောက်ကြိမ်အထိကျွေးပေးရသည်။၂၁ရက်သားဘဲငယ်များအတွက် ပရိုတင်း ၁၇ ရာခိုင်နှုန်း၊ ဗီတာမင်ဓာတ်အနေဖြင့် ၂၀၀၀ ယူနစ်လိုအပ်သည်။ ကယ်စီယမ်ဓာတ်မှာ ဘဲငယ်များအတွက် ၁ ရာခိုင်နှုန်းသာလိုအပ်သည်။

သတ္တုဓာတ်မှာ ၁ ဒသမ ၆ ရာခိုင်နှုန်းလိုအပ်သည်။၂၁ ရက်ထက်ကျော်လွန်သောဘဲများအတွက်မူ ပရိုတင်းဓာတ် ၁၅ ရာခိုင်နှုန်းကျွေးပေးရမည်။

ရက်သားအလိုက်စပ်စာပြုလုပ်နည်း

ဘဲကိုအစာကျွေးရာတွင်လိုအပ်သောအာဟာရဓာတ်များလည်းပါဝင်ရမည်။ စပ်စာပြုလုပ်ကျွေးမည်ဆိုပါကလည်းရက်သားအလိုက်ပါဝင်မည့်အစာကို အချိုးကျစပ်ကျွေးရပါမည်။ ရက်သားအလိုက်စပ်စာပြုလုပ်နည်းကိုဖော်ပြပါမည်။

အမျိုးအစား	/	ဘဲငယ်	/	မျိုးဘဲ	/	အသားတိုးဘဲ
-ဖွဲနု	-	၂၀.၅ %	-	၂၅.၅%	-	၂၃.၅ %
-ဆန်ကွဲ	-	၁၅ %	-	၂၀ %	-	၂၅ %
-နှမ်းဖတ်	-	၁၆ %	-	၁၂ %	-	၁၀%
- ပဲဖတ်	-	၉ %	-	၇ %	-	၁၀ %
- ပြောင်းဝါ	-	၂၃ %	-	၂၀%	-	၂၅ %

စာမျက်နှာ ၂၄ သို့ ◆

◆ **စာမျက်နှာ ၂၃ မှအဆက်**

- ပုစွန်ဖြုံး	-	၁၅%	- ၁၀ %	-	၅ %
- ခရုခွံ	-	၁ %	- ၅ %	-	၁ %
-ဆား	-	၀.၅ %	- ၀.၅ %	-	၀.၅ %
-ဗီတာမင်စီ	-	၁.၅ ဂရမ်	-	-	
-မဂ္ဂနိစ်	-	၁၈ ဂရမ်	-	-	

အရွယ်အလိုက်တစ်ကောင်ချင်းအစာနှုန်း

အစာကျွေးရာတွင် ဘဲတစ်ကောင်ချင်းစီကိုသတ်မှတ်အစာနှုန်းပြည့်အောင်ကျွေးပေးရသည်။ ၄၂ ရက်သားအောက်ဘဲအတွက် ၂ အောင်စ၊ ၄၂ ရက်သားမှ ၈၄ ရက်သားဘဲငယ်များအတွက် ၃ ဒသမ ၅ အောင်စ၊ ၁၂ ပတ်သားအထက်ဘဲငယ်များအတွက် ၆ အောင်စအထိကျွေးသင့်သည်။ ဘဲကြီးများကို တစ်ကောင်လျှင် ၃ အောင်စနှုန်းဖြင့် အာဟာရပြည့်အောင်ကျွေးရမည်။ဘဲစာကိုမနက်တစ်ကြိမ်ညနေပိုင်းတစ်ကြိမ်ကျွေးလေ့ရှိကြသည်။ ဘဲလတ်နှင့်အရွယ်ရောက်ပြီးဘဲများကိုအစာခြောက်ကျွေးနိုင်သည်။ တချို့ကစပါး၊ ပုစွန်မှုန့်၊ ငါးမှုန့်တို့ကိုရေအနည်းငယ်ဖြင့်နယ်ပြီးလည်းကျွေးလေ့ရှိကြသည်။ အသားစားဘဲများကိုအစာကျွေးရာတွင် အထူးဂရုစိုက်ရသည်။ အသားစားဘဲများကို အသက်ရှစ်ပတ်မှစ၍ မရောင်းမီအထိ အသားတိုးစာများကိုဖိကျွေးပေးရသည်။ သို့မှသာအသားတိုးမည်ဖြစ်သည်။ထိုသို့ကျွေးရာတွင် ငါးကြီးဆီ ၂ ရာခိုင်နှုန်း၊ နို့မှုန့် ၁၀ ရာခိုင်နှုန်း၊ ဆန်ကွဲ ၂၀ ရာခိုင်နှုန်း၊ ဖွဲနှင့် ရာခိုင်နှုန်းပါဝင်အောင်ကျွေးပါကပိုကောင်းသည်။ဘဲစာနှင့်တွဲစပ်နေသည်မှာသောက်ရေဖြစ်သည်။ ဘဲအတွက်သောက်ရေကိုလည်းသန့်ရှင်းအောင်ပြုလုပ်ပေးထားရသည်။ ဘဲများအားလုံးအတွက် သင့်လျော်သောဘဲစာစပ်နည်းတစ်မျိုးလည်းရှိသည်။ယင်းမှာ

အမျိုးအစား	/	ပမာဏ	/	အတိုင်းအဆ
- ဆန်ကွဲ	-	၁၁.၇ %	-	၆ ဆ
-ပြောင်းဖူးခြမ်း	-	၁၅ %	-	၁ ဆ
- ဖွဲနု	-	၁၅ %	-	၂ ဆ
- ပုစွန်ဖွဲ/ငါးမှုန့်	-	၁၀%	-	၁ ဆ စသည်

တို့ဖြစ်သည်။ဤပမာဏအတိုင်းလည်းရောစပ်ကျွေးနိုင်သည်။

ဘဲရောဂါများနှင့်ကုသနည်း

မွေးမြူရေးဖြစ်စေစိုက်ပျိုးရေးဖြစ်စေ ရောဂါကျရောက်တတ်သည်။ အပင်များမှာလည်း ရောဂါကျရောက်တတ်သည်။ အခြားသောငါးနှင့် အခြားသောမွေးမြူရေးတိရစ္ဆာန်များမှာလည်း ရောဂါဖြစ်ပွားတတ်သည်။ ထို့အတူဘဲများမှာလည်းရောဂါဖြစ်ပွားမှုများရှိသည်။ ဘဲရောဂါဖြစ်ရခြင်းမှာ ပတ်ဝန်းကျင်မသန့်ရှင်းခြင်း၊ လွတ်ကျောင်းရေမသန့်ခြင်း၊ သောက်ရေမသန့်ခြင်း၊ သောက်ရေခွက်သည်ဦးခေါင်းနစ်အောင်မနက်ခြင်း စသည့်အကြောင်းရင်းများကြောင့်ဖြစ်သည်။ ဘဲကလေးများတွင် ရောဂါကျရောက်ပါက အဆိုပါဘဲကလေးအားဖယ်ရှားခြင်းဖြင့်ရောဂါကို ကာကွယ်နိုင်သည်။ ထို့ပြင် ဗက်တီးရီးယားပိုးကြောင့် ဖြစ်တတ်သောရောဂါများမှာ ဝမ်းကျရောဂါ၊ သွက်ချာပါဒရောဂါ၊ ပါရာတိုက်ဖွိုက်ရောဂါ၊ နှာစေး၊ ချောင်းဆိုးရောဂါနှင့်အအေးမိခြင်းတို့ဖြစ်သည်။

(၁) ဝမ်းကျရောဂါ - ဝမ်းကျရောဂါဖြစ်ပွားပါကအသားများအလွန်ပူခြင်း၊ ဒူးဆစ်ရိုးရောင်ခြင်း၊အသေမြန်ခြင်းများဖြစ်လေ့ရှိသည်။ ဤကားဝမ်းကျရောဂါ၏ လက္ခဏာပင်ဖြစ်သည်။ အဆိုပါရောဂါအတွက် ဆာလ်ဖိုနမိုက်ဆေးများတိုက်ကျွေးသင့်သည်။

(၂) သွက်ချာပါဒရောဂါ - သွက်ချာပါဒရောဂါကအများအားဖြင့် ဘဲကလေးများမှာအဖြစ်များသည်။ ဗက်တီးရီးယားပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်သည်။ ထိုရောဂါဖြစ်ပါက ခြေထောက်များဆွဲနေခြင်း၊ ကိုယ်ခန္ဓာကိုမထိန်းနိုင်ခြင်း၊ ခြေထောက်များယက်ကန်ယက်ကန်ဖြစ်နေခြင်း၊ မစင်စွန့်ရာတွင် အစိမ်းရောင်၊ အဖြူရောင်ဖြစ်နေခြင်းစသည့် လက္ခဏာများကိုတွေ့ရသည်။ ထိုရောဂါကိုကာကွယ်ရန်အာဟာရပြည့်ဝသောအစားအစာကိုကျွေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းအောင်ထားခြင်း၊ လေကောင်းလေသန့်ရအောင်ဖန်တီးပေးခြင်းတို့ပြုလုပ်ပေးရသည်။အဆိုပါရောဂါအတွက်ဆေးမှာ ဆာလ်ဖိုနမိုက်ဆေးကိုတိုက်ကျွေးရသည်။ ဆေးတိုက်မည်ဆိုပါက ခြောက်နာရီခန့်အစာမကျွေးဘဲထားပြီးမှတိုက်ရသည်။


(၃) နှာစေး၊ ချောင်းဆိုးရောဂါ - ဘဲများသည် ညဘက်တွင် နှာစေးချောင်းဆိုးဖြစ်တတ်ကြပြီး နှာခေါင်းပိတ်ကာ အသက်ရှူခက်နေတတ်သည်။ယင်းကိုနှာစေး၊ ချောင်းဆိုးရောဂါဟုခေါ်သည်။ ထိုသို့ဖြစ်ပါက ကည္ဘတ်ပင်ကိုထောင်း၍ရည္စာစ်တိုက်ပေးရသည်။

(၄) အအေးမိခြင်း - အအေးမိရောဂါသည် လူများမှာသာဖြစ်သည် မဟုတ် ဘဲများမှာလည်းဖြစ်တတ်သည်။ ရေကြိုက်သောသတ္တဝါကအအေးမိသည်ဆိုခြင်းမှာထူးဆန်းနေသည်။ ထိုရောဂါကဘဲများ၌ဖြစ်ခဲသောရောဂါတစ်မျိုးဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ ဘဲများအာဟာရပြည့်ဝစွာမကျွေးခြင်း၊စိုစွတ်လွန်းသောနေရာမှာထားခြင်းစသည်တို့ကြောင့်ဖြစ်သည်။ ဘဲအအေးမိရောဂါဖြစ်ပါက မျက်လုံးများမှအမြဲပ်များထွက်လာသည်။ အများအားဖြင့် အတောင်ချိုချိန်မျိုး၌ ဖြစ်ပွားလေ့ရှိတတ်သည်။ ထိုရောဂါမဖြစ်အောင် ဘဲစာကျွေးရာတွင် ငါးကြီးဆီထည့်ကျွေးပေးနိုင်သည်။ရေမှော်ကိုလည်းအစာမှာထည့်ကျွေးပေးရသည်။

စီးပွားဖြစ်ဘဲမွေးမြူမည်ဆိုပါလျှင်

ဘဲကိုယခင်ကတည်းကမွေးမြူခဲ့ကြသည်။ စာရေးသူတို့ဒေသမှာလည်း ယခုထိတစ်နိုင်တစ်ပိုင်မွေးမြူသူများရှိသည်။ တစ်နိုင်ဆိုသော်လည်း ထိုမိသားစု၏စီးပွားရေးဟုပင်ဆိုရပေမည်။အကောင်ပေါင်း ၁၀၀၀-၂၀၀၀ မွေးသူများလည်းရှိသည်။ တချို့ကမြစ်ကမ်းဘေးမှာမွေးကြသည်။ တချို့ကကန်တူး၍ ထိုကန်အတွင်းဘဲခြံဆောက်ကာမွေးမြူကြသည်။ ဘဲသည် အသားနှင့်ဥနှစ်မျိုးစလုံးရသည်။ ဘဲဥဆိုလျှင် မြန်မာနိုင်ငံတွင်ဈေးကွက်ရှိပြီးသားဖြစ်သည်။ ယခုကာလပေါက်ဈေးတစ်လုံး ၅၀၀ ခန့်ပေါက်ဈေးရှိသည်။အကောင် ၁၀၀၀ မွေးလျှင် တစ်နေ့ကို အနည်းဆုံး ၃ ဂု၀၀ ခန့်ဥထုတ်နိုင်လျှင် တစ်လုံး ၅၀၀ နှုန်းနှင့်ဆိုပါက တစ်နေ့ဝင်ငွေ ၃၅၀၀၀၀ ရှိသည်။ တစ်လသိန်း ၁၀၀ ကျော်ဝင်ငွေရနိုင်သည်။ ထို့ကြောင့် စာရေးသူတို့နိုင်ငံအတွက် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ မွေးမြူသူများအနေဖြင့် မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးတောင့်တင်းစေရေး၊ စားနပ်ရိက္ခာဖူလုံစေရေး စသည့်အကျိုးကျေးဇူးများကိုလည်းရရှိစေနိုင်သည်။ ထို့ကြောင့် စာရေးသူအနေဖြင့် ဘဲမွေးမည့်မွေးမြူရေးလုပ်သူများအား ဘဲမွေးမြူရာတွင် သိသင့်သည့်အချက်များကို ရေးသားမျှဝေလိုက်ပါသည်။ စီးပွားဖြစ်ဘဲမွေးမြူမည်ဆိုလျှင် အထက်ပါသိသင့်သည်များကိုသိပြီး ဆောင်ရန်ရှောင်ရန်များကိုလိုက်နာ၍ စနစ်တကျမွေးမြူခြင်းဖြင့် မွေးမြူသူများအကျိုးများနိုင်ကြပါစေ။ ။

၂၀၂၅ ခုနှစ် မိုးကြိုရာသီဝါမျိုးနှင့် မျိုးစေ့ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး စီမံချက်နှင့် လုပ်ငန်းအစီအစဉ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် မတ် ၂၆

စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက် သီးနှံဌာနခွဲ၏ ၂၀၂၅ ခုနှစ် မိုးကြိုရာသီဝါမျိုးနှင့်မျိုးစေ့ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့် လုပ်ငန်းအစီအစဉ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဝါစိုက်တောင်သူများပါဝင်သည့် ရေရှည်တည်တံ့သော ဝါမျိုးစေ့စနစ်နှင့် မျိုးစေ့နည်းပညာဖွံ့ဖြိုးတိုးတက်စေရေး အတွက် စီမံချက်ရေးဆွဲ၍ မိုးကြိုရှေ့ပြေးစီမံကိန်းအကောင်အထည်ဖော်ပြီး လက်တွေ့ကွင်းဆင်းဆောင်ရွက်ရန်၊ အပင်အာဟာရစီမံခန့်ခွဲရေးလုပ်ငန်းများ အပါအဝင် တစ်ဧကဝင်ဆံ့သော ဝါအပင်အရေအတွက် မြှင့်တင်နိုင်ရန်နှင့်အပင်အရွယ်အစား ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို တောင်သူများ လက်တွေ့စနစ်တကျဆောင်ရွက်နိုင်ရေး ထိရောက်စွာ နည်းပညာပေးစည်းရုံးဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ပညာရှင်များနှင့်အတူ အမြုတေမျိုးစေ့(NS) ထိန်းသိမ်းခြင်းနှင့် မိဘမျိုးစေ့ထိန်းသိမ်းခြင်း (BS) လုပ်ငန်းများ၊ အခြားမျိုးစေ့အဆင့်များ စနစ်တကျဆောင်ရွက်နိုင်ရေး ရွှေတောင်-၁၀ ၊ ရွှေတောင်-၈ ၊ ငွေခြည်(၆) ၊ ငွေခြည်(၉)၊ ငွေတောင် (၁၁)မျိုးများ၏ မိဘမျိုးစေ့ ဆောင်ရွက်ထားရှိမှု၊ လက်ရှိတောင်သူများ အများဆုံးစိုက်ပျိုးသည့် မျိုးများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ဝါသီးနှံပညာရှင်တစ်ဦးက ဝါသီးနှံမျိုးနှစ်မျိုးအား စမ်းသပ်စိုက်ပျိုးမှုနည်းစနစ်နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးရာ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက အလားအလာကောင်းသည့် ရွှေတောင်(၁၀) ဝါမျိုးကို အမြုတေမျိုးစေ့(NS) ထိန်းသိမ်းခြင်းနှင့် မိဘမျိုးစေ့ထိန်းသိမ်းခြင်း (BS) လုပ်ငန်းများကိုနည်းပညာခိုင်မာစွာ စနစ်တကျဆောင်ရွက်ရေး၊ တစ်ဧက ဝါပင်ဦးရေမြှင့်တင်ရေးနှင့် အပင်အရွယ်အစားအား ထိန်းသိမ်းရေးကို ဘက်စုံနည်းဖြင့် ဆောင်ရွက်ရေး၊ အပင်အာဟာရစီမံခန့်ခွဲရေး၊ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ သုတေသနများ ဆောင်ရွက်နိုင်ရေးတို့ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**



သရက်မြို့ ပြည်သူ့ဆေးရုံ၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများဆောင်ရွက်ပေး

သရက် မတ် ၂၆

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချို ရောဂါနှင့် နှလုံးရောဂါများကို အခမဲ့စစ်ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ မတ်လ ၂၆ ရက် နံနက်ပိုင်းတွင် ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဦးစီးမှူး၏ ကြိုးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့ပေးရန် စီစဉ်ဆောင်ရွက်ပေးကြောင်းသိရသည်။

ဇော်ထက်(သရက်)

အခြားနိုင်ငံများသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်

စဉ်	စံပြုလုပ်ငန်းစဉ် (SOP)	ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်	ဆောင်ရွက်ရမည့်အဖွဲ့အစည်း
၁	မြန်မာအေဂျင်စီမှ Demand Letter ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း	- လက်ခံနိုင်ငံ၏ အလုပ်ရှင်၊ သို့မဟုတ် အလုပ်ရှင်၏ တရားဝင်ကိုယ်စားလှယ်မှ အလုပ်သမားလိုအပ်ချက်ဖော်ပြထားသောစာ (ရုံးတံဆိပ်/Letter Head ပါရှိသည့် ကုမ္ပဏီ၏စာ၊ လက်မှတ်၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်) ကို ပူးတွဲဖော်ပြရန်လိုအပ်ပြီး ၎င်း Demand Letter အား မြန်မာအေဂျင်စီထံသို့ ပေးပို့ခြင်း၊ - မြန်မာအေဂျင်စီများမှ Demand Letter အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အောက်ပါအတိုင်းတင်ပြခြင်း - (က) Demand Letter တစ်စောင်လျှင် လူဦးရေ ၁၀ ဦးထက်မပိုစေရန်၊ (ခ) သက်ဆိုင်ရာနိုင်ငံအလိုက် အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာတင်ပြရန်၊ (ဂ) Demand Letter တင်ပြရာတွင် dolmigrationsingaporeother@gmail.com သို့ တင်ပြရန် (အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက်တင်ပြခြင်းမပြုရန်)၊	သက်ဆိုင်ရာနိုင်ငံအလုပ်ရှင် မြန်မာအေဂျင်စီ
၂	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြခြင်း	- Demand Letter မှန်ကန်မှု ရှိ/ မရှိ စိစစ်ပေးနိုင်ရေး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားရန် အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြခြင်း၊	အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
၃	အလုပ်သမားဝန်ကြီးဌာနမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခြင်း	- အလုပ်သမားဝန်ကြီးဌာနမှ Demand Letter မှန်ကန်မှု ရှိ/ မရှိ စိစစ်နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခြင်း၊	အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး
၄	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီသို့ လုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း	- နိုင်ငံခြားရေးဝန်ကြီးဌာနမှ Demand Letter မှန်ကန်ကြောင်း ပြန်ကြားလာပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် သက်ဆိုင်ရာမြန်မာအေဂျင်စီများထံသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း၊ အေဂျင်စီမှ အလုပ်သမားစတင်စုဆောင်းခြင်းနှင့် ဗီဇာလျှောက်ထားခြင်း (မှန်ကန်မှုမရှိကြောင်း ပြန်ကြားလာပါက ခွင့်မပြုကြောင်း သက်ဆိုင်ရာအေဂျင်စီသို့ အကြောင်းကြားခြင်း)၊	အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြန်မာအေဂျင်စီ သက်ဆိုင်ရာနိုင်ငံအလုပ်ရှင်
၅	မြန်မာအေဂျင်စီမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ စာချုပ်ချုပ်ဆိုခွင့်ပြုရန် တင်ပြခြင်း	- ဗီဇာရရှိပါက မြန်မာအေဂျင်စီမှ စာချုပ်ချုပ်ဆိုခွင့်အား စာချုပ်ချုပ်လိုသည့်ရက်မတိုင်မီ(၇) ရက်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း - (က) Demand Letter မိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် ဗီဇာမိတ္တူ၊ လက်ခံနိုင်ငံ၏ အလုပ်ရှင်-အလုပ်သမား စာချုပ်မိတ္တူများ၊ အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Soft copy တို့နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationsingaporeother @gmail.com သို့ တင်ပြရန်၊ (ခ) အလုပ်ခေါ်စာ တစ်စောင်လျှင် လူဦးရေ ၁၀ ဦးထက် မပိုစေရန်နှင့် တစ်လလျှင် တစ်ကြိမ်သာတင်ပြရန်၊	မြန်မာအေဂျင်စီ
၆	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ ခွင့်ပြုချက်ရယူခြင်း	- မြန်မာအေဂျင်စီမှ တင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊	အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
၇	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီထံသို့ စာချုပ်ချုပ်ဆိုခွင့်အား အကြောင်းပြန်ကြားခြင်း	- အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သတ်မှတ်ပေးသည့် နေ့ရက်တွင် အမှတ် (၂၇)၊ အာနန္ဒာဘုရားလမ်းနှင့် မေဃဝတီကျောင်းလမ်းထောင့်၊ ဘဝမြင့်ရပ်ကွက်၊ သဃ်နိးကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ နည်းပညာအထောက်အကူပြုရုံး (ရန်ကုန်) ၌ စာချုပ်ချုပ်ဆိုခြင်း၊	အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြန်မာအေဂျင်စီ
၈	မြန်မာအေဂျင်စီမှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း	- ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း တက်ရောက်ခွင့်နှင့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်ခွင့်အား ရက်သတ္တပန်စပတ်ကြိုတင်၍ အောက်ပါအချက်များနှင့်တကွ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationsingaporeother@gmail.com သို့ လိပ်မူ၍ တင်ပြခြင်း- (က) သင်တန်းတက်ရောက်ခွင့် (တစ်ရက်သာ) နှင့် OWIC ပြုလုပ်ခွင့်တင်ပြစာ၊ (ခ) အလုပ်ခေါ်စာမိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ ဗီဇာမိတ္တူ၊ (ဂ) လက်ခံနိုင်ငံ၏ အလုပ်ရှင်နှင့်အလုပ်သမား သဘောတူညီမှုစာချုပ်၊ မြန်မာအေဂျင်စီနှင့် အလုပ်သမားအကြားချုပ်ဆိုသည့် သဘောတူစာချုပ်၊	မြန်မာအေဂျင်စီ
၉	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုခြင်း	- အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မှတ်ပုံတင်စာရင်းရေးသွင်းထားသည့် မြန်မာအေဂျင်စီများကို ဦးစားပေးအစီအစဉ်အလိုက် သင်တန်းတက်ရမည့် နေ့ရက်သတ်မှတ်ခြင်းနှင့် သင်တန်းကျောင်းတာဝန်ခံသို့ အကြောင်းကြားခြင်း၊ Safe Migration Telegram Channel တွင် အသိပေးကြေညာခြင်း၊ - သင်တန်းတက်ရောက်ပြီးပါက OWIC ပြုလုပ်ခွင့်ပြုကြောင်း OWIC ထုတ်ပေးရေးစခန်းတာဝန်ခံ၊ သက်ဆိုင်ရာအေဂျင်စီများထံသို့ အကြောင်းကြားခြင်းနှင့် OWIC ကတ်ထုတ်ပေးခြင်း၊	အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြန်မာအေဂျင်စီ
၁၀	မြန်မာအေဂျင်စီမှ အလုပ်သမားစေလွှတ်ခွင့်ရရှိရေး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း	- မြန်မာအေဂျင်စီအနေဖြင့် OWIC ရရှိပြီးသည့် အလုပ်သမားများအတွက် စေလွှတ်ခွင့်အား ထွက်ခွာလိုသည့်ရက် (- - ၂၀၂၅) မှ (- -၂၀၂၅) (ရက်သတ္တပတ်စပတ်အတွင်း) ဖော်ပြပြီး စေလွှတ်မည့်အလုပ်သမားစာရင်း၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ OWIC ကတ်မိတ္တူ တို့နှင့်အတူ Excel Soft copy ပြုစု၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationsingaporeother@gmail.com သို့ တင်ပြခြင်း၊	မြန်မာအေဂျင်စီ
၁၁	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စိစစ်ခွင့်ပြုခြင်းနှင့် မြန်မာအေဂျင်စီမှ ထွက်ခွာမည့်ရက်အား ပြန်လည်တင်ပြခြင်း	- အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ခွင့်ပြုချက်ရရှိသည့်အချိန်တွင် ဗီဇာလျှောက်ထားခြင်းနှင့်လေယာဉ်လက်မှတ်ဝယ်ယူခြင်း ဆောင်ရွက်ပြီး ထွက်ခွာမည့်နေ့ရက်ဖော်ပြ၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationsingaporeother@ gmail.com သို့ ပြန်လည်တင်ပြခြင်း၊	အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြန်မာအေဂျင်စီ
၁၂	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီနှင့် လေဆိပ်တာဝန်ခံထံသို့ အကြောင်းကြားခြင်း	- အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီ၊ လေဆိပ်တာဝန်ခံထံသို့ အကြောင်းကြားခြင်း၊ - သတ်မှတ်ထားသည့် နေ့ရက်အတွင်း စေလွှတ်နိုင်ခြင်းမရှိပါက စေလွှတ်ခွင့်ပြုနိုင်ရေး တင်ပြသည့်အဆင့်မှစ၍ အသစ်ထပ်မံပြန်လည်တင်ပြခြင်း၊	အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြန်မာအေဂျင်စီ
၁၃	ပြည်ပသို့စေလွှတ်ပြီးစီးမှု သတင်းပို့ခြင်း	- သက်ဆိုင်ရာအေဂျင်စီများအနေဖြင့် အလုပ်သမားများစေလွှတ်ပြီးပါက သတ်မှတ်ပေးထားသော ဧယားပုံစံအတိုင်းစာရင်းပြုစု၍ Excel Soft copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း၊	မြန်မာအေဂျင်စီ
၁၄	ပြန်လည်ဝင်ရောက်မှုသတင်းပို့ခြင်း	- မြန်မာအေဂျင်စီများမှ ပြည်ပသို့စေလွှတ်ခဲ့သည့် အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့် အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationsingaporeother@gmail.com သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း။	မြန်မာအေဂျင်စီ

မှတ်ချက်။ (၁) ၃၀-၁-၂၀၂၅ ရက်နေ့မတိုင်မီ Demand Letter တင်ပြထားသည့် မြန်မာအေဂျင်စီများအနေဖြင့် လူဦးရေ ၁၀ ဦးဖြင့် ၂၅-၃-၂၀၂၅ ရက်နေ့မှစ၍ ပြင်ဆင်တင်ပြရန်နှင့် အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရမည်။

(၂) အခြားနိုင်ငံများ၏ Demand Letter အသစ်တင်ပြခြင်းကို ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပါမည်။


မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှု မီဒီယာဖြစ်သည်နှင့်အညီ (Free to Air–FTA)ဖြင့် အခမဲ့ထုတ်လွှင့် လျက်ရှိရာ(MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ် စေရန်၊ အပန်းပြေစေရန်နှင့်စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ်သောကြာနေ့ည များတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၁၃၈၇ ခုနှစ်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် (၂၈-၃-၂၀၂၅)ရက်(သောကြာနေ့)ည တွင် သင်္ကြန်ဆိုင်ရာတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **“တစ်နှစ်နွမ်း တစ်နှစ်ဆန်း”သင်္ကြန်အကြိုတေးဂီတ ဖျော်ဖြေပွဲ**ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ် ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၈-၃-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “တစ်နှစ်နွမ်း တစ်နှစ်ဆန်း”သင်္ကြန်အကြိုတေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်

စဉ်	သီချင်းအမည်	အဆိုရှင်
၁။	တို့တွေမြူးမယ်	တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင်
၂။	ငါ့ရဲ့သင်္ကြန်နေ့များ	ဌာနအဆိုရှင်
၃။	ဗုံ ဗုံ ဗုံ	ဌာနအဆိုရှင်
၄။	တစ်နှစ်နွမ်း တစ်နှစ်ဆန်း	ပြင်ပအဆိုရှင်
၅။	ရေအရင်လောင်းမယ်	ပြင်ပအဆိုရှင်
၆။	နွေအလှ	တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင်
၇။	နှစ်သစ်ချစ်ဦး	တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင်
၈။	သင်္ကြန်အိပ်မက်	ပြင်ပအဆိုရှင်
၉။	ရေတွေစိုကုန်ပြီ	ပြင်ပအဆိုရှင်
၁၀။	ရေတွေတစ်ကိုယ်လုံးရွဲ	ပြင်ပအဆိုရှင်
၁၁။	ဟော့တော့	ပြင်ပအဆိုရှင်



မန္တလေးနည်းပညာတက္ကသိုလ်နှင့် ဟိုချီမင်းနည်းပညာ တက္ကသိုလ်တို့အကြား အာဆီယံသုတေသန ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မန္တလေးနည်းပညာတက္ကသိုလ်က အာဆီယံ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ (ASEAN–India Fund) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော မန္တလေးနည်းပညာတက္ကသိုလ်နှင့် ဟိုချီမင်းမြို့ နည်းပညာတက္ကသိုလ်တို့အကြား သိပ္ပံနှင့်နည်းပညာသုတေသန ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက Hybrid စနစ်ဖြင့် ကျင်းပရာ ဒုတိယဝန်ကြီးဌေးက်တာအောင်ဇေယျက Video Conferencing ဖြင့် တက်ရောက်ခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဤစီမံကိန်းမှတစ်ဆင့် မြန်မာနှင့်ဗီယက်နမ်နှစ်နိုင်ငံလုံးမှ နည်းပညာတက္ကသိုလ်များသည် နိုင်ငံတကာထိတွေ့ဆက်ဆံမှုကို တိုးမြှင့်ရန်၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများအကြား ကွာဟချက်များလျော့ချရန်နှင့် အဓိပ္ပာယ်ပြည့်ဝသောမိတ်ဖက်တည်ဆောက်မှုများကိုကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ယခင်ရလဒ်နှစ်ခုနည်းတူ ဤဆွေးနွေးပွဲမှတစ်ဆင့် သုတေသနပူးပေါင်းဆောင်ရွက်မှုနှင့်အသိပညာမျှဝေမှုကို မြှင့်တင်ရန်ဟူသည့် စီမံကိန်းတတိယရလဒ်ကို အကောင်အထည်ဖော်ရန်အတွက် အရေးကြီးသောခြေလှမ်းတစ်ရပ်ကို ဖော်ဆောင်နိုင်ခြင်းဖြစ်ကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် Joint Peer Review Committee ကို တည်ထောင်အကောင်အထည်ဖော်နိုင်ရန် အထောက်အပံ့ကောင်းများ ရရှိနိုင်သည့်အတွက် ဝမ်းမြောက်မိကြောင်း၊ သုတေသနအတွေ့အကြုံကောင်းများအား မျှဝေခြင်းအပြင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း ဖလှယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ရှိသူများက သုတေသန ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ၏ရလဒ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်နည်းပညာတက္ကသိုလ်မှကိုယ်စားလှယ်များက သက်ဆိုင်ရာဌာနအလိုက် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆောင်ရွက်လျက်ရှိသည့်သုတေသနများနှင့် ပူးပေါင်းဆောင်ရွက်လိုသည်များကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအားဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန		https://www.moi.gov.mm
	https://www.mod.gov.mm	၄။	Myawady Webportal
၂။	ဥပဒေရေးရာဝန်ကြီးဌာန		https://myawady.net.mm
	https://www.mlis.gov.mm	၅။	Myanmar National Portal
၃။	ပြန်ကြားရေးဝန်ကြီးဌာန		https://myanmar.gov.mm

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၂°c	/	၃၈°c
ရန်ကုန်	၂၂°c	/	၄၀°c
မန္တလေး	၂၃°c	/	၄၀°c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၉ ဦးနှင့် တောင်အာဖရိကနိုင်ငံသား ၂၃ ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် မတ် ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့်ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ်၊ မြဝတီမြို့၊ မယ်ထော်သလေးနယ်မြေမှအွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၉ ဦးနှင့် တောင်အာဖရိကနိုင်ငံသား ၂၃ ဦး၊ စုစုပေါင်း ၃၉၂ ဦးတို့အား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ယနေ့တွင်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှတာဝန်ရှိသူထံ လွှဲပြောင်းပေးအပ်စဉ်။

မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အဆင်ပြေချောမွေ့စွာပြန်လည်ရောက်ရှိနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ဆက်လက်၍ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကျင်းပခဲ့ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာတောင်အာဖရိကသံရုံးမှ Ambassador Mr.Darkey Africa နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တ္ဝန်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၈၆၇၀ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၇၉၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၈၇၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု(Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling)လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ(Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ်တက်ကြွစွာဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ရွှေဘိုမြို့ရှိ အောင်ဇေယျစျေးအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်၊ ကလေးငယ် ၁ ဦး အပါအဝင် အပြစ်မဲ့ပြည်သူ ၅ ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ သက်သာပန်းတောင်းရပ်ကွက်ရှိ အောင်ဇေယျစျေးအတွင်းသို့ မတ်လ ၂၅ ရက်နေ့တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးဖြင့်ပစ်ခတ်ခဲ့သဖြင့် ကလေးငယ် ၁ ဦး အပါအဝင်အပြစ်မဲ့ပြည်သူ ၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုမြို့၊ သက်သာပန်းတောင်းရပ်ကွက်ရှိ အောင်ဇေယျစျေးအတွင်းသို့ မတ်လ ၂၅ ရက် မွန်းလွဲ ၁ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ဥသျစ်ကန်ကျေးရွာ၏အနောက်တောင်ဘက်မီတာ ၂၅၀ ခန့်အကွာမှ ရှော့တိုက်ဒုံး ၁ လုံးဖြင့် ပစ်ခတ်ခဲ့သဖြင့် အသက် ၅ နှစ်အရွယ်ကလေးငယ် ၁ ဦးနှင့် စျေးအတွင်းစျေးရောင်းနေသည့်အမျိုးသမီး ၄ ဦးတို့ ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး အဆိုပါထိခိုက်ဒဏ်ရာရရှိသူများအား ရွှေဘိုမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များ၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပြည်သူလူထု၏အသက်အိုးအိမ်၊ စည်းစိမ်များပျက်စီးဆုံးရှုံးခဲ့ရပြီး ထိုသို့အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဒေသခံပြည်သူလူထုမှ လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

PDF အမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့၊ သက်သာပန်းတောင်းရပ်ကွက်၊ အောင်ဇေယျစျေးအတွင်းသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်နေရာပြပုံ။



စဉ့်ကူးမြို့နယ်၊ မာလဲနတ်တောင်ဆည်နှင့် ကျေးရွာ ၃ ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အဆောက်အဦအများအပြားပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၆

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ မာလဲနတ်တောင်ဆည်နှင့် ကျေးရွာ ၃ ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အဆောက်အဦအများအပြားပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေခံလုံခြုံရေးတာဝန်ရှိတစ်ဦးအား ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကိုသာ ဆောင်ရွက်လျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများအား ဗုံးကြဲတိုက်ခိုက်မှုများမရှိကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



(၂၆-၃-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၆၁၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


အင်ဂျီးခွ သကြားစက်မှုထုတ်လုပ်သည်
အင်ဂျီးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်မြို - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ခမီ - တောင်ငူ - ဆွာ - ဇရီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
➢ ပါရမီ(YBS)
09-459448201
➢ ဇင္ဓမန်းသူ
09-254781060
➢ မန္တလေးအစ်ခြေနှိုက်
09-426500153
➢ တော်ဝင်
09-423333250
➢ ပါရမီတက္ကစီ
01-3643641
➢ ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု
မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြို့က်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
PYIN OO LWIN
Nan Myaing
2+1 coffee
Black Coffee
PYIN OO LWIN
NAN MYAING
2 in 1
PURE ARABICA Coffee
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉၅၂၀၂၁၄၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဝံလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
ISO 9001:2008 Cert. No.683099
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မဝံလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

ပြည်သူ့ကျန်းမာရေးဦးစီးဌာန
လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ
" အိမ်တွင်းလေထုညစ်ညမ်းမှုအကြောင်း သိကောင်းစရာ"

အိမ်တွင်းလေထုညစ်ညမ်းခြင်းကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းများ-

- အိမ်အတွင်း လေဝင်လေထွက်စနစ်ညံ့ဖျင်းခြင်း၊
- အခန်းအတွင်း ထင်း၊ မီးသွေး၊ လောင်စာတောင့်တို့ကိုလောင်စာအဖြစ် အသုံးပြုခြင်း၊
- အခန်းအတွင်း ခြင်ဆေးခွေ၊ အမွှေးတိုင်ထွန်းညှိအသုံးပြုခြင်း၊ အိမ်အတွင်း ဆေးလိပ်သောက်ခြင်း၊
- တိုက်ခန်းများအတွင်း ဓာတ်ဆီ၊ ဒီဇယ်ဆီသုံး မီးစက်များကို ကြာရှည်စွာမောင်းနှင်အသုံးပြုခြင်း။

အိမ်တွင်းလေထုညစ်ညမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးအပေါ်သက်ရောက်မှုများ-

- ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ နှာခေါင်းသွေးယိုခြင်း၊
- ကလေးသူငယ်များတွင် နဖိုးနီးယား ခေါ် လတ်တလော အဆုတ်ရောင်ခြင်း၊
- နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ (ဥပမာ-ပန်းနာရင်ကျပ်ရောဂါ)
- နှာခေါင်း၊ လည်ချောင်း၊ အသံအိုးနှင့် အဆုတ်ကင်ဆာများဖြစ်ခြင်း၊
- ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့အဆိပ်သင့်ခြင်းကြောင့် ကိုယ်အလေးချိန်မပြည့်သောကလေးမွေးခြင်း၊ ကလေးအသေမွေးခြင်းနှင့် တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်းမြင့်မားခြင်း။

အိမ်တွင်းလေထုညစ်ညမ်းမှုမဖြစ်အောင်ကာကွယ်ခြင်း

- မိမိတို့နေထိုင်ရာ အိမ်၊ မီးဖိုခန်းများအတွင်း လေဝင်လေထွက်ကောင်းမွန်အောင်ပြုပြင်ပါ။
- မီးခိုးအထွက်နည်းသည့် လောင်စာများ(ဥပမာ-လျှပ်စစ်၊ ဓာတ်ငွေ့)ကို အစားထိုးအသုံးပြုပါ။
- မီးဖိုခန်းအတွင်း မီးခိုးငွေ့များ အိမ်ပြင်ပသို့ အလွယ်တကူထွက်စေရန်ဆောင်ရွက်ပါ။
- အလုံပိတ်အိမ်များတွင် မီးခိုးခေါင်းတိုင်အငယ်စားတစ်ခု တပ်ဆင်ပါ။
- လေဝင်လေထွက်မကောင်းသော၊ လေလုံသောအခန်းများအတွင်း ခြင်ဆေးခွေ၊ အမွှေးတိုင်များထွန်းညှိခြင်းမှရှောင်ကြဉ်ပါ။
- အိမ်အတွင်း ဆေးလိပ်သောက်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ။
- အမှိုက်သရိုက်များကို အိမ်အနီးတွင် စုပုံမီးရှို့ခြင်းမှ ရှောင်ကြဉ်ပါ။

ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်(၅)နှစ်အောက် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်အဆုတ်ရောဂါ သို့မဟုတ် ပန်းနာရင်ကျပ်ရောဂါရှိသူများ၊ နှလုံးရောဂါရှိသူများသည် အိမ်တွင်းလေထုညစ်ညမ်းမှု၏ဒဏ်ကို ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

၂၀၂၅ ခုနှစ်၊ မတ်လ

တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ်လ ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ အမှတ်(၁၂၁)၊ မြေညီထပ်၊ ပြည်စိုးလျှပ်စစ်ဖြန့်ချိရေးလုပ်ငန်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၉) မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၈၂၀၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ်လ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂) လမ်းမကြီး၊ ရွာသာကြီးရပ်ကွက်၊ ဘိုဘိုကုန်မျိုးစုံအရောင်းဆိုင်အနီး၌ သဏ္ဌိမြို့မရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၁၈၇၅၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသားခရီးသည်(၄)ဦးနှင့် ဗီယက်နမ် နိုင်ငံသား(၁)ဦးတို့၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၈)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၄)မျိုး၊ စားသောက်ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၉၃၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၅၄၈၇၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ်လ ၂၅ ရက်တွင် ကယားပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လွိုင်ကော်မြို့နယ်၊ လွယ်တမူကျေးရွာ၊ အမှတ်(၂၅၀) ခြေလျင်တပ်ရင်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan Note မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌



ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဖမ်းဆီးရမိမှု။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

ကျေးရွာတို့၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၂၈၇)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၈၂၃၉၃၂)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့၌ တရားမဝင်ဆေးဝါး (၆၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၂၇၀၀၀)ကို အမျိုးသားဆေးဝါးဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၅၅၀၉၃၂)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် မုဒုံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်၊ ယဉ်တော်ကျေးရွာ၊ ရွှေကြက်ယက်ကျေးရွာနှင့် ဆောက်တောဝတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ ဝေါမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Hijet မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်၊ ယဉ်တော်ကျေးရွာ၊ ရွှေကြက်ယက်ကျေးရွာနှင့် ဆောက်တောဝတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြမြို့နယ်နှင့် ဟသံတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၃ ဒသမ ၄၉၁)တန်၊ အခြားသစ် (သုည ဒသမ ၆၃၁)တန်၊ မီးသွေး (၆ ဒသမ ၄) တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၂၃၉၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ်လ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၃၈၄၃၃၀)** ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း **တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။** (သတင်းစဉ်)

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Tun Tun Aung" Telegram အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ် ကွက် နေထွန်းထွန်းအောင်(ခ)ဖိုးကုလားအား ညနေ ၅ နာရီ ၄၀ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"သားဘူး၊ ငါးဘူးအကြောင်းပြောသောအခါ ကျွန်ုပ်က ထုတ်ယူဖို့ပြောမည်ပြုပြီးမှ "ဆင်သမားတွေနဲ့ သွားတဲ့အခါ သူတို့စားသလိုဖြစ်အောင်စားမယ်" ဟု ဆုံးဖြတ်လိုက်လေ၏။ ဟင်းများမှာ ရှမ်းပဲပုပ်နှင့် ခရမ်းချဉ်သီးကို ငရုတ်သီးစပ်စပ်ချက်ထား၍ ပုစွန်ခြောက်မပါဘဲ ငါးပိနှင့်ချက်ထားသည့် ဘူးရွက်ဟင်းချိုသာဖြစ်လေသည်။ သို့ရာတွင် ဆာလောင်သောဓာတ်ခံကြောင့် ငရုတ်သီးနီနီရဲရဲချက်ထားသည့် ပဲပုပ်ဟင်းသည်ပင် ကျွန်ုပ်တို့အား သွားရည်ကျစေခဲ့လေပြီ။ တစ်လုတ်နှိုက်၍ စားလိုက်ပါတော့လည်း ထင်ထားသည်ထက်ပင် ပို၍အရသာတွေ့နေသေး၏။ . . ."

ယမန်နေ့မှအဆက်

မကြာမီ ရွာထဲသို့သွားသော ဆင်ဦးစီးပြန်လာ၍ လက်ထဲတွင် ဘူးရွက်အနည်းငယ်ပါလာ၏။ ခွင်ပေါ်ရှိ ဟင်းအိုးထဲသို့ ဘူးရွက်ခတ်ပြီးနောက် ထမင်းပွဲပြင်ကြ၏။ ၎င်းတို့တွင် ပန်းကန်ပြားနှစ်ချပ်တည်းရှိ၍ ကျွန်ုပ်တို့ ညီအစ်ကိုအတွက် ပြင်ကျွေးရာ ကျွန်ုပ်က အားလုံးအတူဝိုင်း၍စားရမည် ပြောသောကြောင့် စလောင်းဖုံးများနှင့် ဖြစ်သလိုဝင်စားကြသည်။ ဆင်ဦးစီးတစ်ယောက်က "ဆင်သမားဟင်းပဲဆရာရေ့။ ဆရာကလည်း မခိုင်း၊ ကျွန်တော်တို့ကလည်း အထုပ်တွေဖြေရမှာ ပျင်းလေတော့ ဝန်ထောက်မင်းရဲ့ သားဘူး၊ ငါးဘူးတွေကို မထုတ်တော့ဘူး၊ စားသာစားပါ၊ မြိန်ပါတယ်ဆရာ၊ ဆင်စီးတာ သိပ်ပြီးဗိုက်ချောင်တာပဲ" ဟုပြော၏။ သားဘူး၊ ငါးဘူး အကြောင်းပြောသောအခါ ကျွန်ုပ်က ထုတ်ယူဖို့ ပြောမည်ပြုပြီးမှ "ဆင်သမားတွေနဲ့သွားတဲ့အခါ သူတို့စားသလိုဖြစ်အောင်စားမယ်" ဟု ဆုံးဖြတ်လိုက်လေ၏။ ဟင်းများမှာ ရှမ်းပဲပုပ်နှင့် ခရမ်းချဉ်သီးကို ငရုတ်သီးစပ်စပ်ချက်ထား၍ ပုစွန်ခြောက်မပါဘဲ ငါးပိနှင့်ချက်ထားသည့် ဘူးရွက်ဟင်းချိုသာဖြစ်လေသည်။ သို့ရာတွင် ဆာလောင်သောဓာတ်ခံကြောင့် ငရုတ်သီးနီနီရဲရဲချက်ထားသည့် ပဲပုပ်ဟင်းသည်ပင် ကျွန်ုပ်တို့အား သွားရည်ကျစေခဲ့လေပြီ။ တစ်လုတ်နှိုက်၍ စားလိုက်ပါတော့လည်း ထင်ထားသည်ထက်ပင် ပို၍အရသာတွေ့နေသေး၏။

ကျွန်ုပ်တို့ညီအစ်ကိုသည် ထမင်းအိုးထဲမှ 'ဒါရိုက်' နှိုက်၍နှိုက်၍ထည့်ပေးသော ထမင်းများကို အားပါးတရစားလိုက်ကြရာ ဆန်တစ်ခွက်ချက်ထားသည့် ထမင်းအိုးထဲမှ ကျွန်ုပ်တို့ကပင် ပိုလိမ့်မည်ထင်သည်။ ဤတစ်ကြိမ်တွင် ကျွန်ုပ်အတွက် နို့ဆီဘူးတစ်လုံးချက်ကုန်လိမ့်မည်ထင်ရာ တစ်သက်လုံးတွင် ဤတစ်ကြိမ်ပါမှ နှစ်နပ်တည်း၌သာ တစ်လုံးချက်ကုန်ဖူးပါသည်။ ဤအကြောင်းကို အကျယ်တဝင့်ရေးသားဖော်ပြခြင်းမှာ အစားကောင်းကောင်းကို သာမက မကောင်းတရောင်းနှင့်လည်း အမှတ်တရ မြိန်အောင်စားတတ်သော ဝါသနာကို တင်ပြလိုသောကြောင့်ဖြစ်ပါသည်။ ဆိုလိုခြင်းမှာ အကောင်းကြိုက် တတ်သော်လည်း မကောင်းလျှင်မစားနိုင်သည်မဟုတ်၊ မကောင်းတရောင်းနှင့်လည်း အလိုက်အထိုက်မြိန်အောင်စား တတ်ပါသည်။ ဟင်းမကောင်းလျှင် မျိုချ မကျဆိုသော လူစားမျိုးမဟုတ်ပါ။

အဓိပ္ပာယ်ရှိသော ခရီးတစ်ခေါက်

နောက်တစ်နေ့တွင် နမ်းပေါင်းသို့ ရောက်ကြ၍ သုံးလေးရက်ခန့်ကြာသောအခါ ကိုဝင့်မော်က ကျွန်ုပ်အား ထီးချိုင့်ငွေတိုက်သို့ သူ့အတွက်နှင့်တကွ အလုပ်သမားများနှင့် တောအုပ်တောခေါင်းများအတွက်ပါ လခထုတ်ခိုင်း၏။ ကိုဝင့်မော်သည် မြတောင်သို့ ကျွန်ုပ်သွားလိုခြင်းကို ရိပ်မိဟန်တူသည်။ လခမှာ နိုဝင်ဘာလ အတွက်ဖြစ်၍ ဒီဇင်ဘာလ ၄ ရက်တွင် ကျွန်ုပ်ထွက်လာခဲ့၏။ ဤတစ်ကြိမ်တွင် မြင်းနှင့်ထွက်ခဲ့၍ ညီတော်မောင်မပါချေ။ မြင်းအတွက်မှာ အဆင်သင့်လှသည်။ ရွှေလီမြစ်ဘက်မှ မြင်းများနှင့်လာကြသော သစ်ကုန်သည်နှစ်ယောက်သည် မြတောင်သို့အသွားတွင် နမ်းပေါင်းသို့ဝင်လာ၍ ကိုဝင့်မော်နှင့်တွေ့ကြ၏။ ကိုဝင့်မော်က ကျွန်ုပ်အား မြင်းနှင့်ထည့်လိုက်ချင်သည်ဟု ပြောရာတွင် သစ်ကုန်သည်တစ်ဦးက သူ၏မြင်းကို ကျွန်ုပ်အားပေးပြီး သူကိုယ်တိုင် လှည်းကြဲဖြင့်လိုက်မည့်အကြောင်း၊ လှည်းကြဲလည်း အဆင်သင့်ရှိနေကြောင်း ပြောလေ၏။ သို့ဖြစ်၍ နံနက်စောစောတွင် သစ်ကုန်သည်တစ်ဦးနှင့် ကျွန်ုပ်သည် မြင်းတစ်စီးစီနှင့် မြတောင်သို့ ထွက်လာကြလေ၏။ ထိုသူမှာ မြတောင်ရွာသား လူလတ်အရွယ်တစ်ယောက်ဖြစ်၍ ကျွန်ုပ်အပေါ်၌ စိတ်ဝင်စားပုံရသည့်အလျောက် ကျွန်ုပ်အကြောင်းကိုမေး၏။ ကျွန်ုပ်က အိမ်ထောင်မရှိကြောင်းပြောရာတွင် လူရိုးတစ်ယောက်ဟုနာမည်ကြီးသော ဝန်ထောက်မင်း ဦးဝင့်မော်၏သူငယ်ချင်း ခေတ်ပညာတတ်တစ်ယောက်ဖြစ်၍ မြတောင်ရွာတွင် လိုချင်သောအပျိုကို ရနိုင်ကြောင်း၊ သစ်ကုန်သည်လုပ်ဖို့ ဝါသနာပါလျှင် အရင်းအနှီးအပြည့်အစုံရှိသော မိန်းမကိုလည်း ရနိုင်ကြောင်း၊ မြတောင်ရွာတွင် ယောကျ်ားကောင်းတော်တော်ရှားနေ၍ မိန်းကလေးများသည် တစ်နယ်သားကို စောင့်မျှော်နေကြဟန်တူကြောင်း၊ ရွာခံယောကျ်ားနှင့် တစ်နယ်သားတို့ယှဉ်ပြိုင်၍ လူပျို လှည့်လျှင် တစ်နယ်သားက စွဲဖို့လမ်းများကြောင်း စသည်ဖြင့်ပြောပြလေ၏။ ကျွန်ုပ်က "မြတောင်သူတွေဟာ သူတို့ရွာမှာ သူတို့မပျော်ကြလို့ ရပ်ဝေးလိုက်ချင်ကြသလား" ဟုမေးရာ ထိုသူက "ဒီလိုတော့ မဟုတ်ပေါင်ဆရာ၊ မြတောင်သားကလေးတွေက သေသေဝပ်ဝပ် လုပ်ကိုင်ကျွေးချင်တဲ့လူနည်းတယ်၊ လူပေါ်ကြော့်ကလေးတွေ ဖြစ်ကုန်ကြပြီခင်ဗျ" ဟု ပြောပြလေ၏။ ဤလူကိုယ်တိုင်မှာ လူပျိုပင်ရှိသေးကြောင်း ကျွန်ုပ်သိရ၍-

"ခင်ဗျားလည်း လူပျိုဆို၊ ခုပြောတဲ့ လူပေါ်ကြော့ထဲမှာမပါဘူးဟုတ်လား"

"ဟာ ကျွန်တော် သာဆိုးသေး၊ ဘာမှမလုပ်ချင်ဘူးဆရာ"

"သစ်ကုန်သည်ဆို"

"ယောင်သုံးဆယ်ပါခင်ဗျာ၊ မိဘများက ခိုင်းလို့မို့ မလွဲသာလုပ်ရတာပါ။ လူပျင်းခင်ဗျ။ တစ်ရွာလုံး လူပျင်းချည်းပဲ"

"အစဉ်အဆက်က ဒီလိုပဲလား"

"ရှေးက ကျွန်တော်တို့ဦးလေးများ လက်ထက်က ဒီလောက်မဆိုးပါဘူးခင်ဗျ။ ဒီခေတ်မှာ မြစ်ရိုးတစ်လျှောက်လုံး လူငယ်ကလေးတွေ သိပ်ပျက်စီးတယ်ခင်ဗျ"

"မြတောင်သူတွေ တော်တော်ချောတယ်ဆို"

"ဒါကတော့ ဆရာလည်း မြင်သားပဲ၊ ဘုရင်ခံလာတုန်းက မြစ်ရိုးတစ်လျှောက်မှ ရွာတွေက ယိမ်းအကနဲ့ ကြိုဆိုကြတော့ ကျွန်တော်တို့ မြတောင်ယိမ်းအက နံပါတ်တစ် ရတယ်ဆရာ"

"ဒီရွာမှာ ဘယ်အပျိုအချောဆုံးလဲ"

နာမည်သုံးလေးခုပြောပြသည်။ ကျွန်ုပ်က-

"မစိုးကောမပါဘူးလား"

"သူက နည်းနည်းအသက်ကြီးသွားပြီဆရာ၊ သူညီမက သာသွားပြီ။ အဖေကြီးက ပစ်သွားတော့ အမေကြီးကလည်း ဘာမှမတတ်ရာဘူး၊ ညီမကလေးတွေ၊ မောင်ကလေးတွေကို သူကပဲ ဦးစီးအုပ်ချုပ်ပြီး လုပ်ကိုင်စားသောက်နေရာရတယ်"

မြတောင်ရွာသို့ ရောက်ကြသောအခါ ကျွန်ုပ်သည် ယခင်တစ်ခေါက်ကကဲ့သို့ သစ်တောရုံးသို့မသွားဘဲ အကောက်စာရေးကြီး၏နေအိမ်သို့ တိုက်ရိုက်ဝင်လေ၏။ ထမင်းစားပြီးသောအခါ ကျွန်ုပ်သည် ထီးချိုင့်ဘက်သို့ကူး၍ ကိုဝင့်မော်ပေးအပ်လိုက်သည့် လခစာရင်းအတိုင်း ငွေတိုက်မှ ငွေများထုတ်၍ ပြန်လာပြီးလျှင် ငွေများကို အကောက်စာရေးကြီးလက်သို့ အပ်ထားလိုက်လေ၏။ ကျွန်ုပ်၏ခရီးစဉ်မှာ နက်ဖြန်နံနက်တွင် ယမန်နေ့က သစ်ကုန်သည်နှင့်အတူ နမ်းပေါင်းသို့ပြန်ကြရန် ဖြစ်လေသည်။

တဖြည်းဖြည်းယိမ်းညွတ်ခြင်း

ထိုနေ့ညနေတွင် ကျွန်ုပ်သည် မစိုးတို့၏အိမ်သို့သွား၍ ငါးဖယ်ကြော်နှင့် ခဲလံချောင်းများ (သူတို့အရပ်တွင် 'ပေါင်းတင်း' ဟုခေါ်သည်။) ပြုလုပ်ပြင်ဆင်ထားရန် အတွက် ပိုက်ဆံပေး၍မှာထားခဲ့၏။ ထိုညတွင် ငါးဖယ်ကြော်နှင့်ပေါင်းတင်းကို အဝစားမည်အကြံနှင့် အကောက်စာရေးကြီး၏ညစာထမင်းကို အသင့်အတင့်သာ စားခဲ့၏။ စာရေးကြီးကတော်က "ဘယ်အိမ်ကများ အစားကောင်းကျွေးဖို့ ဖိတ်ထားတယ်မဆိုနိုင်ဘူး၊ ကျွန်မတို့အိမ်က ထမင်းကိုတောင် ဝအောင်မစားတော့ပါလား" ဟု ခနဲ့စကားပြောလိုက်ရာ ကျွန်ုပ်မှာ မစိုးတို့အိမ်၌ စီမံထားခဲ့သော ပေါင်းတင်းအကြောင်းကို သတင်းသဲ့သဲ့ကြား၍ ပြောလိုက်ခြင်းဖြစ်သည်ဟု မသက်ာသည်နှင့် မျက်နှာရှိန်းခနဲဖြစ်သွားမိပါသည်။ ကျွန်ုပ်၏စိတ်ကို နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးလိုက်သောအခါ လမ်းခရီးတွင် သစ်ကုန်သည်က မစိုးသည် ညီမကလေး၊ မောင်ကလေးများကို ဦးစီးအုပ်ချုပ်ကာ ဝိုင်းလုပ်ဝိုင်းစားအဖြစ်နှင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရှာသည်ဟု ပြောလိုက်ကတည်းက ကျွန်ုပ်စိတ်ကူးထားသည့် မိန်းကလေးနှစ်ယောက်၊ သုံးယောက်အနက် မစိုးဘက်သို့ ကရုဏာသက်သွားခြင်း ဖြစ်တန်ရာချေသည်။ ကျွန်ုပ်လိုချင်သည်မှာ ရုပ်ရည်သနားကမားရှိတာချင်း တူလျှင် ကြင်နာတတ်သောစိတ်ရှိသူကို ရွေးချယ်မည်ဖြစ်ရာ အိမ်သူအိမ်သားများအပေါ်၌ အကြီးအကဲအဖြစ်နှင့် ကြင်နာတတ်လျှင် လင်သားအပေါ်၌လည်း ကြင်နာတတ်လိမ့်မည်ဟု တွက်ကိန်းရသည်။

ဆက်လက်ဖော်ပြပါမည်။

သရက်ခရိုင်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်းကာလတိုသင်တန်း ခြောက်ကြိမ်ဖွင့်လှစ်ရန်လျာထား

သရက် မတ် ၂၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်းကာလတိုသင်တန်းခြောက်ကြိမ်နှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းလေးခုကို လျာထားဆောင်ရွက်မည့်အပြင် အသေးစား စက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင် ၅၅ ခု ပြုလုပ်ပေးရန် လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း သရက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ သရက်ခရိုင်အတွင်း အသက်မွေးဝမ်းကျောင်းကာလတိုသင်တန်းခြောက်ကြိမ် ဖွင့်လှစ်ဖို့လျာထားတဲ့အထဲမှာ စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းနှစ်ကြိမ်၊ ကိတ်မုန့်ပြုလုပ်နည်းသင်တန်းနှစ်ကြိမ်၊ စက်ချုပ်သင်တန်းတစ်ကြိမ်နဲ့ စက်မှုပိုင်းဆိုင်ရာသင်တန်းတစ်ကြိမ် ဖွင့်လှစ်ပေးဖို့ စီစဉ်ထားပါတယ်" ဟု သရက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလင်းထက်အောင်ကပြောသည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သရက်ခရိုင်အတွင်း ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း လေးခုကိုလည်း လျာထားဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းကျေးရွာများ၌ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ သင်တန်းသား၊ သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများပံ့ပိုးကူညီခြင်းနှင့် သင်တန်းပြီးဆုံးသောအခါ လုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်စေရန် လုပ်ငန်းသုံးစက်ကိရိယာများပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

သရက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ၂၀၂၂ ခုနှစ် မတ်လ ၂ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ အသက်မွေးဝမ်းကျောင်း သင်တန်းများ လေ့ကျင့်သင်ကြားပေးခြင်း၊ ဥပဒေနှင့်အညီ စနစ်တကျ လုပ်ငန်းမှတ်ပုံတင်ပေးခြင်း၊ စားသောက်ကုန်နှင့် လူသုံးကုန်များကို ဓာတ်ခွဲစမ်းသပ်ပေးခြင်း၊ နည်းပညာများ ပံ့ပိုးကူညီခြင်းအပြင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းဦး





ပျောက်ဆုံးကြောင်း

စောဖရိုက်ဒေး(ဘ)စောကလယ်စေး ၇/သဝတ(နိုင်)၁၁၇ဖ၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 961879)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၁၃၈၃၅၈

ပျောက်ဆုံးကြောင်း

မအားဝူ(ဘ)ဦးလောက်ဟွာ ၁၃/လရန(နိုင်) ၂၇ဧ၃၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ခင်မောင်သန်း(ဘ)ဦးမြင့်အောင် ၁၂/ပဇတ(နိုင်)၀၃၄၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၉၄၇၉၉၁၆

ပျောက်ဆုံးကြောင်း

ဆေးရိုက်ဆောင်(ဘ)ဦးသိန်းဝင်းထွန်းထွေး ၅/မကန(နိုင်)၁၀၀၈၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 180787)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၇၉၄၅၅၉၉

ပျောက်ဆုံးကြောင်း

သဲသဲစိုး(ဘ)ဦးခင်စိုး ၁၂/ကမရ(နိုင်)၀၆၁၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 569514)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၄၁၀၈၅

ပျောက်ဆုံးကြောင်း

သီတာစိုး(ဘ)ဦးခင်အောင်၅/ဘတလ(နိုင်) ၁၂၀၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 793915)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၀၆၆၈၅၁

ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်နေ မဓူးဇူးလွင်(ဘ)ဦးသောင်းလွင် ၇/ညလပ(နိုင်)၁၇၁၈၀၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၉၄၂၃၂၈၈၈

ပျောက်ဆုံးကြောင်း

မိုးညိုမြို့၊ မတော့ကျေးရွာနေ အောင်မျိုးထိုက်(ဘ)ဦးသိန်းလွင်၇/မညန(နိုင်) ၁၀၂၆၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂၆၂

ပျောက်ဆုံးကြောင်း

ခင်မောင်အေး(ဘ)ဦးပုသန်းဒေါင်း ၁၁/ကဖန(နိုင်)၀၇၄၆၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ဇော်ဇော်အောင်(ဘ)ဦးသန်းလွင် ၁၂/ဥကတ(နိုင်)၁၈၅၃၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၅၅၅၅၉၄

ပျောက်ဆုံးကြောင်း

လွှေအိုး(ဘ)ဦးတူန ၃/ပကန(နိုင်)၀၁၃၈၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၆၂၉၁၁၁

ပျောက်ဆုံးကြောင်း

သန်းအေး(ဘ)ဦးမောင်မောင်၁၄/ပသန(နိုင်) ၀၃၁၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၆၀၂၉၁

ပျောက်ဆုံးကြောင်း

နမ္မတူမြို့နယ်၊ မန်စံကျေးရွာနေ ဦးစိုင်းဝင်းဦး(ဘ)ဦးအိုက်လူ ၁၃/နမတ(နိုင်)၀၂၉၄၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 641399)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၂၇၅၀၇၄

ပျောက်ဆုံးကြောင်း

ကျောက်ဆည်မြို့၊ ရွာနန်းကျေးရွာနေ မြတ်သန္ဓာဝင်း(ဘ)ဦးဝင်းတင် ၉/ကဆန(နိုင်)၁၈၃၄၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 588910)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂၆၂

ပျောက်ဆုံးကြောင်း

ဦးမျိုးမြင့်(ခ)ဦးမျိုးဝင်း

ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ဥသဿမြို့သစ်၊ ရပ်ကွက်ကြီး(၁)၊ မင်္ဂလာလမ်းနေ မအိအိမွန်၏ဖခင် ဦးမျိုးမြင့်(ခ)ဦးမျိုးဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ပျောက်ဆုံးကြောင်း

မျိုးသက်အောင်(ဘ)ဦးသန်းစိန် ၈/တတက(နိုင်)၁၄၉၈၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၀၇၇၀၃၀

ပျောက်ဆုံးကြောင်း

ဆန်းလင်းထွန်(ဘ)ဦးကောင်း ၈/ရစက(နိုင်) ၁၁၈၃၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 529420)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၇၇၀၂၆၉၈

ပျောက်ဆုံးကြောင်း

မျိုးမင်းသန့်(ဘ)ဦးမျိုးသန့် ၁၂/ဥကတ(နိုင်) ၀၃၄၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 733944)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂၆၂

ပျောက်ဆုံးကြောင်း

ဆင့်ဆင့်မို့(ဘ)ဦးလျိုမို့ ၁၃/လရန(နိုင်) ၁၇၀၉၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 952243)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂၆၂

ပျောက်ဆုံးကြောင်း

မအားလူ(ဘ)ဦးကျုံရှိ ၁၃/လရန(နိုင်) ၂၈၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂၆၂

ပျောက်ဆုံးကြောင်း

နေဝင်းသူ(ဘ)ဦးသန်းထွေး ၈/စလန(နိုင်) ၁၄၇၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 185999)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၉၃၀၀၉၂

ပျောက်ဆုံးကြောင်း

စိုးဝင်းဦး(ဘ)ဦးတင်ဦး ၁၂/လမတ(နိုင်) ၀၂၅၆၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(431843)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၆၃၆၆၀၈၅

ပျောက်ဆုံးကြောင်း

မိုးမိုးအေး(ဘ)ဦးမောင်ထွန်းလှ ၁၁/စတန(နိုင်)၁၁၂၇၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 899292)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၃၀၈၉၃၃၇

ပျောက်ဆုံးကြောင်း

နိမ်လန်းညမ်(ဘ)ဦးခန့်ဒေါလ်း ၅/ကလထ(နိုင်)၀၂၁၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၀၄၆၀၅၄၉

ပျောက်ဆုံးကြောင်း

သဲသဲစိုး(ဘ)ဦးခင်စိုး ၁၂/ကမရ(နိုင်)၀၆၁၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 569514)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၄၁၀၈၅

ပျောက်ဆုံးကြောင်း

စိုးညီရှိန်(ဘ)ဦးစံအေး ၆/ကသန(နိုင်) ၁၀၉၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 448230)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၇၄၃၃၉

ပျောက်ဆုံးကြောင်း

ကျော်ဇင်မင်းထက်(ဘ)ဦးမြင့်နိုင်၁၄/ကလန(နိုင်)၂၂၂၀၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 099710)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၄၂၂၆၉၁

ပျောက်ဆုံးကြောင်း

မပဲနေမော(ဘ)ဦးဇော်ကိုလ်ထန်း၅/ကလထ(နိုင်)၂၁၅၈၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ချယ်ရီမြင့်စိုး(ဘ)ဦးမြင့်စိုး ၆/မမန(နိုင်) ၁၄၃၃၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၆၀၀၁၀၆၇

ပျောက်ဆုံးကြောင်း

ခင်စန္ဒာ(ဘ)ဦးစိုးဝင်း ၇/ပဇတ(နိုင်)၀၇၅၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၃၇၇၄၅

ပျောက်ဆုံးကြောင်း

လှအောင်ချေ(ဘ)ဦးထွန်းကြာအောင် ၁၁/မပန(နိုင်)၀၈၆၂၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၂၁၃၇၄၄

ပျောက်ဆုံးကြောင်း

ကောင်းမြတ်(ဘ)ဦးချိုသန်း ၁၂/ကခက(နိုင်) ၁၁၃၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၃၃၆၃၄၃၈

ပျောက်ဆုံးကြောင်း

ဇာခြည်ထွန်း(ဘ)ဦးထွန်းဝေ ၉/မကန(နိုင်) ၁၃၁၂၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၅၅၃၀၅၄

ပျောက်ဆုံးကြောင်း

မောင်ကျော်မျိုးထွန်း(ဘ)ဦးစိန်မြင့် ၉/ခမစ(နိုင်)၀၃၀၄၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 438405)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၀၄၄

ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီးပဲခူးမြို့နယ်နေဦးမင်းခန့်ကျော်(ဘ)ဦးခင်မောင်ဖြင့် ၇/ပခန(နိုင်)၁၈၆၃၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 704405)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၂၀၆၃၁၀၇

ပျောက်ဆုံးကြောင်း

မသန္တာစိုး(ဘ)ဦးကျော် ၁၀/ပမန(နိုင်) ၁၅၅၇၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၀၅၅၀၅၈

ပျောက်ဆုံးကြောင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပြင်ဦးလွင်မြို့နယ်၊ သုမင်္ဂလာစျေးတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် 33kV ဓာတ်အားလိုင်း(1.1)Mile နှင့် 33/0.4kV(2 x 2.5) MVA ဓာတ်အားခွဲရုံ(၁)ရုံနှင့် Control Room တည်ဆောက်ခြင်းလုပ်ငန်း၊ 158' x 28' LED Display Board တပ်ဆင်ခြင်းလုပ်ငန်းနှင့် 500 kW, 1.17 MWh Hybrid Solar Power System တပ်ဆင်ခြင်းလုပ်ငန်းတို့အတွက် တင်ဒါ(၃)ခုအား မြန်မာကျပ်ငွေ(Kyat)ဖြင့် တင်ဒါခေါ်ယူလုပ်ငန်းအပ်နှံလိုပါသည်-

- တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် – ၂၈-၃-၂၀၂၅ ရက်
- တင်ဒါပိတ်မည့် ရက်နှင့်အချိန် – ၁၀-၄-၂၀၂၅ ရက်၊ (၁၄:၀၀)နာရီ
- တင်ဒါပုံစံ ရောင်းချတင်သွင်း ရမည့်နေရာ – မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ ၂၇ လမ်း၊ ၇၇ x ၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

၂။ တင်ဒါပုံစံနှင့် စာရွက်စာတမ်းများကို အထက်ပါလိပ်ပြာတွင် သတ်မှတ်နှုန်းထားအတိုင်း ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၂-၄၀၇၃၈၁၀၊ ၀၂-၄၀၆၉၁၂၁ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါဗဟိုကော်မတီ(မန္တလေးတိုင်းဒေသကြီး)
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)
၂၇ လမ်း၊ ၇၇ x ၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

ပျောက်ဆုံးကြောင်း

ဒေါ်ခင်မြင့်ဝေ(ဘ)ဦးဘုန်းကြီးဌာန ၁၂/ဥကတ(နိုင်)၀၂၆၂၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 261898)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၀၂၄၇၇

ပျောက်ဆုံးကြောင်း

ဝေယံလင်းဦး(ဘ)ဦးသိန်းဝေ ၁၂/ကသန(နိုင်) ၁၂၀၆၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 790697)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၅၀၈၁၅၂၆

ပျောက်ဆုံးကြောင်း

ဦးမျိုးမြင့်(ခ)ဦးမျိုးဝင်း

ပျောက်ဆုံးကြောင်း

ဝေယံလင်းဦး(ဘ)ဦးသိန်းသန်း ၉/နထက(နိုင်) ၂၃၆၀၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 790697)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၅၀၈၁၅၂၆

❖ **သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက်တစ်ပင်ရှင်ရမည်ဟူသည့်စိတ်မွေးမြူ ဆောင်ရွက်ကြရန် . . .**

❖ **အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကိုစနစ်တကျ ဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟုလါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ နှစ်(၈၀)ပြည့်တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်

နေပြည်တော် မတ် ၂၆

၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့်နှစ်(၈၀)ပြည့်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတက်ရောက်ရန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိသည့် တပ်မတော်တွင်တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ယနေ့နံနက်ပိုင်းတွင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သွားရောက်၍တွေ့ဆုံဂါရဝပြုနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံဂါရဝပြုနှုတ်ဆက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများအား တစ်ဦးချင်းလိုက်လံဂါရဝပြုနှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များကို ရင်းနှီးနွေးထွေးစွာမေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်း

စာမျက်နှာ ၅ ကော်လံ ၁ ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နှစ်(၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့တက်ရောက်ကြမည့် ဒုတိယဗိုလ်ချုပ်ကြီးစမစ်ဒွန်း(ငြိမ်း)၏ မိသားစုများအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သည့်တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့

စာ - ၆ သို့

ယနေ့ထုတ် မြဝတီသတင်းစာတွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထူးအချပ်ပို (၄)မျက်နှာပါရှိပါသည်။

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

Internet & Mobile Banking Services

- Account Transfer
- Remittance
- Mobile Topup (Phone Bill)
- Credit Card Payment
- Cardless ATM Withdrawl
- Tax Payment

Phone No : (01) 2301367, 2301368, 2301452, 2301378





24 ~ (01) 2301421, 2317166

"မှန်သည် ဖြန်သည် ဖြတ်"

မြဝတီ နေ့စဉ်
အထူးအချုပ်ပို

နှစ်(၈၀)ပြည့် တပ်မတော်နေ့

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်၊ ကြာသပတေးနေ့ အချုပ်ပို(က)



နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ယူပါ၏။

အောင်ကြောင်းထင်ပေါ် မြန်မာ့တပ်မတော်

အာကာမောင်မောင်

နိုင်ငံတစ်နိုင်ငံတွင်ဖြစ်စေ၊ တပ်မတော်တစ်ရပ်တွင်ဖြစ်စေ အကြီးအကဲခေါင်းဆောင်တို့၏စွမ်းဆောင်မှုသည် ထိုနိုင်ငံ၊ ထိုတပ်မတော်ကို များစွာကောင်းကျိုးပြုသည်။ တပ်မတော်သည် မြန်မာ့သမိုင်းတွင် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ထွန်းလာသကဲ့သို့ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးမည့် အခြေအနေနှင့်ကြုံလေတိုင်း တပ်မတော်ခေါင်းဆောင်တို့သည် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရသည်။ ထိုသို့ထိန်းသိမ်းစောင့်ရှောက်ကာကွယ်နိုင်ခဲ့၍လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် တည်ငြိမ်ထည်ဝါစွာရပ်တည်နေနိုင်ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည်တပ်မတော်ကိုဦးဆောင်ပါဝင်ဖွဲ့စည်းတည်ထောင်ခဲ့သူတပ်မတော်၏ဖခင်အဖြစ်အသိအမှတ်ပြုထားသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း အစိုးရအဖွဲ့သို့ မဝင်ရောက်မီအချိန်အထိ ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်၏ခေါင်းဆောင်ဖြစ်ခဲ့သည်။ တပ်မတော်နှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက် မိန့်ခွန်းတွင် **“ဒီဗမာပြည်ကို ကျုပ်တို့လွတ်လပ်ရေးရတဲ့အခါမှာ ကျုပ်တို့ဗမာတွေကသာလျှင် ဗမာပြည်ကိုကာကွယ်ရမယ့် တာဝန်ဟာ အဓိကဖြစ်တယ်။ တိုင်းပြည်ကာကွယ်ဖို့အတွက် စစ်သားတွေအားနည်းနေတယ်ဆိုရင် ဗမာတိုင်း၊ ဗမာတိုင်း၊ အရွယ်ရောက်တဲ့လူမှန်သမျှ၊ ကျန်းမာတဲ့လူမှန်သမျှ စစ်မှုမထမ်းမနေရ ဆိုပြီးတော့ ဥပဒေနဲ့ စစ်ထဲကိုထည့်ရလိမ့်မယ်။ နှစ်နှစ်တန်သည် သုံးနှစ်တန်သည် စစ်ထဲဝင်ရမယ်။ ”** ဟူ၍ ပြောကြားခဲ့သည်။

တွေရှိတယ်။ အဲဒီလိုရှိတော့ ကျွန်တော် ကဘာပြောချင်သလဲဆိုတော့ ဗမာပြည်မှာ အင်္ဂလိပ်နဲ့မြန်မာ တတိယစစ်ပွဲမဖြစ်မီ နန်းတွင်းအရေးတော်ပုံဖြစ်တော့ အင်္ဂလိပ်အားကိုးတဲ့သူက အားကိုး၊ ပြင်သစ်အားကိုးတဲ့ သူက အားကိုးနဲ့ သူများကို အားကိုးကြတယ်။ ဒါကြောင့်



ကျွန်ဖြစ်ခဲ့ရတာ အဖတ်တင်တာပါပဲ” ဟူ၍ နိုင်ငံတော်နှင့်ပတ်သက်၍ ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၂ ရက် တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအမည်များဖြင့် နိုင်ငံတော်ကို ဦးဆောင်ခဲ့ရသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“တို့ဘိုးဘွားတွေရဲ့အသက်၊ သွေး၊ ချွေးမြှောက်မြားစွာနဲ့ရယူထားခဲ့တဲ့ လွတ်လပ်ရေးကြီးဟာ သတိလက်လွတ်နေရင် တစ်ခဏအတွင်းမှာ ဆုံးရှုံးသွားနိုင်တယ်။ ဒါကြောင့် အနာဂတ်မှာ ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ အမျိုးသားရေးစိတ်ဓာတ်နဲ့ နိုင်ငံရေးအသိတွေ အမြဲရှိနေဖို့လိုတယ်”** ဟူ၍ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၅၁) သင်တန်းဆင်းပွဲ၌ ပြောကြားခဲ့သည်။

တပ်မတော်သည် ပြည်သူသာအမိ၊ ပြည်သူသာအဖဟူသောစိတ်ထားဖြင့် ပြည်သူ့ကောင်းကျိုးဖြေရှင်းပေးရန်အခြေအနေ၊ အချိန်အခါကောင်းများ များစွာရှိနေပါလျက် ထင်ထင်ရှားရှား သည့် မဲမသမာမှုကို ဖြေရှင်းမပေးခဲ့ပေ။ ထို့ကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏အာဏာကို ထိန်းလိုက်ရသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀(စ)တွင် “တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိသည်” ဟူ၍ ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တရားမဲ့သောခေတ်မီတပ်မတော်ဖြစ်စေရေးကို ဆောင်ရွက်သည်။

တပ်မတော်သည် အင်အားတောင့်တင်းပြီးစွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်ဟူသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်ကို အောင်မြင်စွာအကောင်အထည်ဖော်လျက်ရှိ သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တပ်မတော်၏အခန်းကဏ္ဍတွင်ပါသည့် ပြဋ္ဌာန်းချက်များမှာ တပ်မတော်အတွက် ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ နိုင်ငံတော်အကျိုးကို မျှော်ကိုးပြီး ထည့်သွင်းပြဋ္ဌာန်းထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်သမိုင်းမှာ လွတ်လပ်ရေးမရမီကတည်းက ကြက်ဥအရောင်တိမ်တောင်သဖွယ် မင်ရေးကျယ်ဆိုသကဲ့သို့ ရှုပ်ထွေးမှုများရှိခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ပိုင်းကာလများတွင် အယူဝါဒအမျိုးမျိုး၊ သဘောထားအမျိုးမျိုးကြောင့် ခိုင်မာသည့်နိုင်ငံရေးစနစ်ကို တစ်သမတ်တည်း ချမှတ်ဖော်ဆောင်နိုင်ခြင်းမရှိဘဲ စနစ်အမျိုးမျိုးကိုပြောင်းလဲကျင့်သုံးခဲ့ရသည်။ နိုင်ငံတော်စနစ်မတည်ငြိမ်ခြင်းနှင့် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် **“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ လက်ရှိလျှောက်လှမ်းနေတဲ့ ဒီမိုကရေစီစနစ် ခိုင်မာအောင်ကောင်းစေရေးနဲ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် “စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး” ဆိုတဲ့ နိုင်ငံရေးရည်မှန်းချက် (၂)ရပ်နဲ့ “တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး” ဆိုတဲ့ အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ တစ်နည်းအားဖြင့် ပြောရရင် အဲဒီရည်မှန်းချက်တွေကစဉ်ဆက်မပြတ်ဆောင်ရွက်ရမယ့် နိုင်ငံတော်ရဲ့မျှော်မှန်းချက်များပဲဖြစ်တယ်။ နိုင်ငံတော်ရဲ့ပကတိအခြေအနေများနဲ့ကိုက်ညီတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ်ချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်”** ဟူ၍ပြောကြားခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါ်ပေါက်လာခဲ့သည့် တပ်မတော်သည် အစဉ်အလာကောင်း (၁၂)ရပ်နှင့် ပြည့်စုံသည့် တပ်မတော်ဖြစ်သည်။

☆ တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်ဟူသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်ကို အောင်မြင်စွာအကောင်အထည်ဖော်လျက်ရှိ . . .

☆ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တပ်မတော်၏အခန်းကဏ္ဍတွင်ပါသည့် ပြဋ္ဌာန်းချက်များမှာ တပ်မတော်အတွက်ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ နိုင်ငံတော်အကျိုးကိုမျှော်ကိုးပြီး ထည့်သွင်းပြဋ္ဌာန်းထားခြင်းဖြစ် . . .

တပ်မတော်ဟုဆိုရာတွင်ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ကို စုပေါင်းခေါ်ဆိုခြင်းဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်သကဲ့သို့ တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့သည်လည်း တပ်မတော်၏အစိတ်အပိုင်းများပင်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်(ကြည်း)ကို အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ပေးနေသကဲ့သို့ တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့၏အခန်းကဏ္ဍများကိုမြင့်မားအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ခေတ်မီတပ်မတော်(ရေ)သို့

တပ်မတော်(ရေ)ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယနေ့ကာလတွင် တပ်မတော်(ရေ)သည် ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသောတိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဖြစ်သို့တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် ဒုတိယအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့်ရေတပ် (Adjacent Force Projection Navy / Regional Navy) အဖြစ်သို့တက်လှမ်းနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်သည်။

တပ်မတော်(ရေ)တွင် "ရေတပ်၏ တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ခေတ်မီ စစ်ရေယာဉ်အသစ်များကို ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အဆိုပါနေ့တွင် ၁၃၅ မီတာ ဖရီးဂိတ် စစ်ရေယာဉ်ကြီးအား နိုင်ငံ၏ပြည်တွင်းရန်ကို နှိမ်နင်းခြင်း၊ ပြည်ပရန်ကို ကာကွယ်ခြင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် စံနှုန်းစနစ်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် သာလွန်မင်းတရားကြီးကိုဂုဏ်ပြုသောအားဖြင့် စစ်ရေယာဉ်ကြီးကို "သာလွန်မင်း" ဟုအမည်ပေးအပ်ခဲ့သည်။

တပ်မတော်(ရေ)ကိုတိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့်လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှု ဟူသည့် အသင့်ဖြစ်မှု(၃)ရပ်နှင့်ပြည့်စုံအောင်ဆောင်ရွက်လျက်ရှိပေရာ ခေတ်မီတပ်မတော်(ရေ)အဖြစ်မော်ကွန်းတင်နိုင်ခဲ့ပြီဖြစ်သည်။

ခေတ်မီတပ်မတော်(လေ)သို့

တပ်မတော်(လေ)ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင်စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့သည်။ မျက်မှောက်ခေတ်ကမ္ဘာတစ်လွှားဖြစ်ပွားနေသည့်စစ်ပွဲများနှင့် လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့သည်ကို အထင်အရှားတွေ့မြင်နေရသည်။ ပိုင်ဆိုင်ထားသည့် လေယာဉ်၊ ရဟတ်ယာဉ်များနှင့် လက်နက်စနစ်များ၏စွမ်းဆောင်ရည်ကို အပြည့်အဝအသုံးချစစ်ဆင်နိုင်ရန် လေ့ကျင့်သားပြည့်ဝမှုသည် အဓိကလိုအပ်ချက်ဖြစ်သည်။ တပ်မတော်(လေ)အနေဖြင့် လေသူရဲများကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိသည်။

(၇၇)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့အထိ လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားများ (၁၅)ကြိမ်အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ထိုကဲ့သို့ လေယာဉ်၊ ရဟတ်ယာဉ်များတိုးတက်ဖြည့်ဆည်းပေးနိုင်သည့်အတွက် တပ်မတော်(လေ)၏စစ်ဆင်ရေးနှင့် အခြားပျံသန်းရေးတာဝန်များထမ်းဆောင်ရာတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြစ်သကဲ့သို့ တပ်မတော်အတွက် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားတိုးတက်မြင့်မားအောင် အထောက်အကူပြုစေမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံလွတ်လပ်ရေးအတွက် ပေါ်ထွန်းလာသော တပ်မတော်သည် တိုင်းရင်းသားပြည်သူများမှ ပေါက်ဖွားလာသော ပြည်ထောင်စုတပ်မတော်လည်းဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ခေတ်အဆက်ဆက်ဦးလည်မသုန်ထမ်းဆောင်ခဲ့သည်မှာ နှစ်(၈၀) ပြည့်ကာလသို့ပင် ဖြတ်သန်းရောက်ရှိခဲ့ပြီဖြစ်သည်။ "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" ဟူသောစကားရပ်ကို မြန်မာနိုင်ငံ၏ ဖြတ်သန်းလာရသော သမိုင်းကြောင်းများက သက်သေခံလျက်ရှိသည်။ သို့ဖြစ်သောကြောင့် တပ်မတော်ခေါင်းဆောင်အဆက်ဆက်သည် မြန်မာ့တပ်မတော်ကို ကမ္ဘာ့နိုင်ငံများရှိထိပ်သီးတပ်မတော်များကဲ့သို့ ဖြစ်လာစေရေးကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍လည်း တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်လျော်ညီစွာပင် ခေတ်မီတပ်မတော်တစ်ရပ်အဖြစ်သို့ ရောက်ရှိတက်လှမ်းနိုင်ရေး အဘက်ဘက်မှ အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။



ကိုယ်တိုင်တည်ဆောက်လျက်ရှိသည်။ ယခင်က ဝယ်ယူအသုံးပြုသူအဖြစ်မှ ယခုအခါ ကိုယ်တိုင်တည်ဆောက်သူ (Buyer to Builder) အဆင့်သို့တက်လှမ်းနိုင်ပြီဖြစ်သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့တွင် နိုင်ငံတော်၏ ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများနှင့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်စောင့်ရှောက်ရန်အတွက် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားကို ကျင်းပခဲ့သည်။ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ ပင်မဖြစ်သော ပဋိပက္ခများကိုကြည့်ပါက လေကြောင်းနှင့်အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက်အဓိကအရေးပါသည်ကို တွေ့မြင်ကြရသည်။ လေကြောင်းစွမ်းအားသာလွန်ကောင်းမွန်မှုသည် ရန်သူအပေါ် လွှမ်းမိုးထိန်းချုပ်ချေမှုန်းနိုင်ပြီး မိမိတပ်ဖွဲ့များ၏ စိတ်ဓာတ်နှင့် တိုက်စွမ်းရည်ကို ပိုမိုအားကောင်းတိုးတက်စေသည်။

တပ်မတော်(လေ)၏ သမိုင်းကို ပြန်ကြည့်မည်ဆိုပါက အခက်အခဲများကြားမှ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ဇွဲသတ္တိတို့ကိုအရင်းခံပြီး ရှိသည့် လေယာဉ်၊ ရှိသည့်လက်နက်ဖြင့် ရည်မှန်းချက်အောင်မြင်အောင်ကြိုးစား

မရှိမဖြစ် ပြည့်ရင်နှစ်

နှစ်ရှစ်ဆယ်ပြည့်၊ တပ်မတော်နေ့ဝယ်
အောက်မေ့တိတ်ကြောင်း၊ သမိုင်းကောင်းတို့
ပြန်ပြောင်းဆင်ခြင် ထင်းထင်းမြင်။
ကောင်းရိပ်ကောင်းခြင်း ကောင်းဂုဏ်လွင်။
"နယ်ချဲ့" အစ၊ "ဖက်ဆစ်" မှသည်
ပြည်ပကျူးရန်၊ ကူမင်တန်နှင့်
ပြည့်ခြံစည်းရိုး၊ ဖျက်ဝင်တိုးသည့်
ရန်မျိုးစုံလင်၊ ပုံအပင်ကို
ကုန်စင်ချိုးဖျက်၊ ရန်ဆိုးပျက်အောင်
ထိုးနှက်တိုက်ထုတ်၊ ထိုသရုပ်ကား
မုချပီပြင်၊ သမိုင်းတွင်သည်
ဂုဏ်အင်ကြီးစွ တပ်မတော်။
ရဲစွမ်းသတ္တိ မြင့်မားကျော်။
"နစ်နိ" "နစ်ဖြူ"၊ "ကေအင်နယူ" နှင့်
ဆူပူထကြွ၊ ရန်ဟူသမျှလည်း
ခဏပန်းသာ၊ ထောင်လွှားရာတည့်
ချိန်ခါတန်သော်၊ တပ်မတော်ပင်
ဖော်ဆောင်အောင်ပန်း၊ အောင်မြွေလမ်းမို့
ဆန်းစစ်ပြည့်စုံ၊ ဆိုရတုံမူ
သူပုန်ဟူရာ၊ သူပုန်သာတည့်
ရန်ရှာဆိုးသွမ်း၊ ရူးမိုက်ရမ်းသည့်
"သောင်းကျန်းသူ" မျှ။ မည်နာမသာ
သင့်မျှဆိုးဂုဏ်၊ ခေါ်ကြရုံတည့်
လွှမ်းခြုံချင့်တွေး၊ အမျိုးသားရေးကို
လေးထားဆောင်ဖော်၊ တပ်မတော်ကား
နောင်သော်မယွင်း၊ ခုမယွင်းသည့်
နေမင်းသူရိန် သို့နှယ်တည်း။
ယနေ့ခါလျှင်၊ ပြည်တစ်ခွင်ဝယ်
အသွင်မျိုးမျိုး၊ ရန်ညစ်ဆိုးတို့
ပျိုးကြရန်မီး၊ အသီးသီးလည်း
"နည်းပညာ" တွင်၊ "ရဲစွမ်း" ယှဉ်လျက်
သုတ်သင်နေ့ည၊ အောင်ပွဲရမို့
ထိုမှဆက်ကာ၊ တို့ပြည်ရွာသည်
မကြာမတင်၊ ရန်မျိုးစင်ကာ
ယခင်ရှေးသို့၊ ကောင်းခြင်းပျို့လျက်
အောင်မျို့အရာရာ၊ စည်ပင်သာမည်
မဟာအောင်ခြင်း ရောင်စဉ်လင်း။
အို...
နှစ်ရှစ်ဆယ်တိုင်၊ ပြည့်မဏ္ဍိုင်ကို
မယိုင်စေရေး၊ ထိန်းမတ်ပေးလျက်
အရေးသုံးပါး၊ ဦးထိပ်ထားကာ
အမျိုးသားဂုဏ်အင်၊ မြင့်မားလွင်အောင်
မြင့်တင်နိုင်ဘိ၊ ဂုဏ်သတ္တိကြောင့်
"မရှိမဖြစ်၊ ပြည့်ရင်နှစ်"ဟု
ချစ်တေးရင့်ကျူး၊ ဝိတိဖူးနှင့်
ဦးညွှတ်ပါသည် တပ်မတော်။
ဂုဏ်ပြုပါသည် တပ်မတော်။ ။

မောင်စိမ်းနောင်(လယ်ဝေး)











နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။